# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၈၉)၊ ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် ၊ ၂၂-၉-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တောင်ကြီးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအောက်ရှိရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်း ခြောက်လသင်တန်း၊ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင် တစ်နှစ်သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသူများ၏ လက်တွေ့ဆောင်ရွက်နေသည့် ပအိုဝ်းခေါင်းပေါင်း၊ ခနုလုံချည်နှင့် ဒေသခံတိုင်းရင်းသားဝတ်စုံများ ရက်လုပ်နေမှုကိုလည်းကောင်း၊ စက်ရက်ကန်း ရက်လုပ်ခြင်း၊ ချားပုတ်ခြင်း၊ ချည်ချခြင်းနှင့် ဂျပ်ခုတ်လုပ်ငန်း လက်တွေ့သင်ယူနေမှုကိုလည်းကောင်း၊ ရက်ကန်းသင်တန်းကျောင်းအလိုက် ပအိုဝ်းတိုင်းရင်းသားဝတ်စုံ ရက်လုပ်နေမှုကိုလည်းကောင်း၊ စားရိပ်သာနှင့် သင်တန်းသူအိပ်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။



ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်ကျောင်းအုပ်ကြီး၊ နည်းပြဆရာဆရာမများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ ရိုးရာယဉ်ကျေးမှုကိုအခြေခံသော ခေတ်မီဒီဇိုင်းဆန်းများ တီထွင်ဖန်တီးရေး၊ ထူးချွန်သူများအား မန္တလေးမြို့ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ဖွင့်လှစ်သော ဖက်ရှင်နှင့်ဒီဇိုင်း ခြောက်လသင်တန်းသို့ ချိတ်ဆက်တက်ရောက်ရေး၊ သင်တန်းဆင်းများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးရန်မှာကြားပြီး သင်တန်းသူများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အေးသာယာ စက်မှုဇုန်၌ မြန်မာ့သြဘာလုပ်ငန်းစုနှင့် ရောဝတီမျိုးစေ့ကုမ္ပဏီတို့ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သည့် Grain & Edible Oils ကုမ္ပဏီလီမိတက်၏ တောင်သူများနှင့် အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ပြောင်းစိုက်ခြင်း၊ ပြောင်းမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ပြောင်းအခြောက်ခံစက်ရုံနှင့် သိုလှောင်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး စက်ရုံတည်ဆောက်မှုမှတ်တမ်း ဗီဒီယိုကိုပြသကာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ အေးသာယာစက်မှုဇုန် အကွက်ကြီးအမှတ်(၁၀၂)ရှိ UNI ENERGY ကုမ္ပဏီ၏နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်းကောင်း၊ တော်ဝင် TGI ကုမ္ပဏီလီမိတက်၏ U Nyi အင်းလေးချည် ဆေးဆိုးပန်းရိုက်လုပ်ငန်းကိုလည်းကောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဟဲကယ်-မန်ကျည်းပင် ကျေးရွာချင်းဆက်လမ်း အရှည် ၃ ဒသမ ၈ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံပြီး စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

## ယနေ့ ဖတ်စရာ အညွှန်း

နန္ဒာ(မြောက်)ကျေးရွာ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲမှသည်--- (ဆောင်းပါး)

စာမျက်နှာ ၆

ပလတ်စတစ်အမှုန်အမွှားများ လူ့ဦးနှောက်ဆီသို့ ရောက်ရှိကာ အယ်လ်ဇိုင်းမားရောဂါကဲ့သို့သော အခြေအနေများကို ဖြစ်ပေါ်စေနိုင်

စာမျက်နှာ ၇

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၂၂ ရက်၊ တနင်္လာနေ့။

## လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များဆောင်ရွက်လျက်ရှိ

သက်ကြီးပုဂ္ဂိုလ်များအတွက် အထောက်အပံ့ဖြစ်နိုင်စေရေးနှင့် ၎င်းတို့အား လေးစားတန်ဖိုးထားသောအားဖြင့် အစိုးရက ထောက်ပံ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများကို ခြောက်လစာ တစုတစည်းတည်း ပေးအပ်ခြင်းဖြစ်ကြောင်း၊ ရပ်ရွာအတွင်း လူမှုရေးလိုအပ်ချက်များအပေါ်မူတည်ပြီး စေတနာကိုအရင်းခံ၍ တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နေကြသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် နိုင်ငံတော်အနေဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ဂေဟာရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်စေလိုကြောင်း။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုရေးပင်စင်၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဆောက်လုပ်ရေး၊ လမ်းတံတားနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

မန္တလေးလျှင်ကြီးကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် လမ်းပျက်စီးမှုလုပ်ငန်းပေါင်း ၆၂၇ ခု၊ တံတားလုပ်ငန်း ၁၈၅ ခု ပျက်စီးခဲ့ကြောင်းနှင့် နေပြည်တော်အပါ အဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင်လည်း လူနေအိမ်နှင့် ရုံးအဆောက်အအုံများ ပြိုကျပျက်စီးခဲ့မှုကြောင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၈၁၀၀၀ ကျော် ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ်များကြောင့် အဆောက်အအုံနှင့် လမ်းတံတားကဏ္ဍထိခိုက်ပျက်စီးမှုများသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားဖြစ်စေနိုင်သောကြောင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် စနစ်တကျစီမံခန့်ခွဲရန်လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၃၃၁၃ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေး ကျပ် ၁၉၀ ဒသမ ၇၄ သန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်သော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၁၁ ခု၊ အမျိုးသမီးဂေဟာနှစ်ခုနှင့် ဘိုးဘွားရိပ်သာရှစ်ခု စုစုပေါင်းဂေဟာ၊ ရိပ်သာ ၂၂ ခု၊ စေတနာမူလတန်းကြိုကျောင်းတစ်ကျောင်းနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၄၀ အတွက် ထောက်ပံ့ကြေးငွေ ကျပ် ၁၄၈ ဒသမ ၃၅၇ သန်းနှင့် နေရပ်စွန့်ခွာပြည်သူ ၁၀၈၉၁၆ ဦးအတွက် ထောက်ပံ့ငွေ ကျပ် ၆၅၃၄ ဒသမ ၉၆၀ သန်းကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူသားအရင်းအမြစ်များ ပြန်လည်ရှင်သန်ဖွံ့ဖြိုးလာစေရေးအတွက် အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများကို လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြင့် အလေးထားကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ထူထောင်ရာတွင် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်၌ ဖော်ပြထားသည့်အတိုင်း နည်းလမ်းလေးသွယ်၊ အရွယ်သုံးပါး၊ စုပေါင်းအားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ပြင်ဦးလွင်မြို့တွင် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ၊ ပြင်ဦးလွင်မြို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်(မန္တလေးတိုင်းဒေသကြီး တာဝန်ခံ) ဦးသန်းအောင်ကျော်နှင့် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ/ နည်းပညာအထောက်အကူပြုအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။



ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မန္တလေးတိုင်းဒေသကြီး တာဝန်ခံ)က အဖွင့်အမှာစကားပြောကြားပြီး MEVM ဆိုင်ရာလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြား ပြီး ပြင်ဦးလွင်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်ဝင်းထိုက်က လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း ပြောကြားတင်ပြခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များကို အသီးသီးမေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (မန္တလေးတိုင်းဒေသကြီး တာဝန်ခံ)က နိဂုံးချုပ် စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)

**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး အထောက်အပံ့ရရှိစေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုကျောင်း၌ ရွှေ့လျားစနစ်ဖြင့် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် အသား၊ ငါး၊ ဆီ၊ ဟင်းသီး/ဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



အခြေခံစားသောက်ကုန်များ ရောင်းချရာ၌ ပစ္စည်းအရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေးခရိုင် စားသုံးသူရေးဦးစီးဌာနမှကြီးကြပ်၍ လက်ရှိပေါက်ဈေးအပေါ် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ ဝက်သား ၂၀ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ၁၁၀ ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ၊ ရှေးဦးပြုစုခြင်း စွမ်းရည်များပြသ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးကျင်းပသော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားကို အမရပူရမြို့နယ်၊ အိုးတော်မူလတန်းလွန်ကျောင်း၊ ရွှေရွက်ဝါကျောင်းဆောင်ရှေ့တွင် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်ကြက်ခြေနီမောင်မယ်များက ကြက်ခြေနီ သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်သည်။ ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်ထံမှ ပေးပို့သော ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။ ဆက်လက်၍ လူငယ်ကြက်ခြေနီများမှ ရှေးဦးပြုစုခြင်း စွမ်းရည်များပြသကြပြီး ထူးချွန်ဆုများ ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မန္တလေးတိုင်းပညာရေးမှူးရုံး၊ Plam International Myanmar တို့ ပူးပေါင်းဖွင့်လှစ်သော ဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်ပွဲကို ဝင်းယူနီတီဟိုတယ်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက ကြက်ခြေနီအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ ကြောင်း သိရသည်။

(၀၄၅)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် (၃ /၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ လေးပုံတစ်ပုံတွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

---

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်

နေပြည်တော် စက်တင်ဘာ ၂၁

မြန်မာ့တပ်မတော်(ရေ)နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေတပ်)နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်) ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့မှထွက်ခွာကာ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် North Sea Fleet Commander နှင့် အရာရှိကြီးများ တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)ဌာနချုပ်သို့ သွားရောက်ခဲ့ရာ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Cui Yuzhong နှင့် အဆင့်မြင့်အရာရှိကြီးများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဒုတိယရေတပ်ဦးစီးချုပ်တို့သည် ရေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ ကြိုဆိုအလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး ဌာနချုပ်ခန်းမ၌ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ညပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)၊ ဒုတိယရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ဆက်လက်၍ စက်တင်ဘာ ၁၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော တပ်မတော် (ရေ)ကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ North Sea Fleet ရှိ ဖျက်သင်္ဘော Xining သို့ သွားရောက်လေ့လာခဲ့ရာ စစ်ရေယာဉ်မှူးက အလေးပြုကြိုဆိုကာ လိုက်လံရှင်းလင်းပြသခဲ့သည်။ ထို့နောက် North Sea Fleet ဌာနချုပ်သို့ သွားရောက်ခဲ့ရာ North Sea Fleet Commander နှင့် အရာရှိကြီးများက တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့အား North Sea Fleet ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့ပြီး North Sea Fleet ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေတပ်)၏ Navy Submarine Academy သို့ သွားရောက်လေ့လာခဲ့ရာ Navy Submarine Academy ကျောင်းအုပ်ကြီးက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုအလေးပြုခဲ့သည်။ ယင်းနောက် Academy ၏ သမိုင်းကြောင်းနှင့် လေ့ကျင့်သင်ကြားမှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်၊ Simulator၊ Trainer များကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ရေတပ်ပြတိုက်သို့ သွားရောက်လေ့လာကြသည်။ ထို့ပြင် စက်တင်ဘာ ၁၉ ရက်တွင်လည်း ကာကွယ်ရေးဦးစီးချုပ် (ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ Shanghai Hudong-Zhonghua သင်္ဘောကျင်းသို့ သွားရောက်လေ့လာခဲ့ရာ သင်္ဘောကျင်းတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တရုတ်နိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်း၊ Great Wall အစရှိသည့် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၉၇ ရက်

သာ လိုတော့သည်။

## (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်) တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယဆု)ရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်းဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဥ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

သတင်း-စာမျက်နှာ ၂၄





## စပါးစိုက်ကေလျာထားပြည့်မီရေး ကွင်းဆင်းဆောင်ရွက်



**အောင်လံ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့ပြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ စပါးစိုက်ကေလျာထား ပြည့်မီရေးကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ဘွက်ကြီးဆည်ရေသောက်ကွင်းနှင့် ပဒဲဆည်ရေသောက် တောင်သူများနှင့် ရွာမထုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင်တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက ဘွက်ကြီးဆည်ရေသောက် ဧရိယာတွင် စိုက်ပျိုးရန်လျာထား ဧက ၁၉၉၀ လျာထားသည့်အနက် ဧက ၄၆၀ ကျန်ရှိလျက်ရှိသဖြင့် တောင်သူများအနေဖြင့် မည်သို့သောအခက်အခဲများရှိပါသလဲ ရှိက ဆွေးနွေးပြောကြားတင်ပြပေးရန်ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့တာဝန်ယူရသည့်အပိုင်းလိုက် တောင်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသောတောင်သူများ၏ တင်ပြဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြား၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ကူညီပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(အပေါ်ဝဲပုံ)

**မျိုးသိန်း(မြန်/ဆက်)**

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများ ကြံ့ခိုင်စွမ်းရည်စစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင်တက်ရောက်နေသောသင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ပြုလုပ်သည်။ သင်တန်းသား သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများက ကြံ့ခိုင်စွမ်းရည် ၅ မျိုး စစ်ဆေးကြရာ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုကြသည်။ (အပေါ်ပုံ)



အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦးမွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု စုစုပေါင်းဆုတံဆိပ် ၁၆၀ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

#### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လာဇီယို | ၀ - ၁ | ရိုးမား |
| ခရီမိုနီ | ၀ - ၀ | ပါးမား |
| တိုရီနို | ၀ - ၃ | အတ္တလန်တာ |

#### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ပါရီ | ၂ - ၃ | စထရာဘို့ |
| အော်ဇေး | ၁ - ၀ | တူးလော့ |

#### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဗယ်လက်ကာနို | ၁ - ၁ | ဆဲလ်တာဗီဂို |
| မာယော့ကာ | ၁ - ၁ | အက်သလက်တီကို |
| အယ်လ်ချီ | ၁ - ၀ | အိုဗီအေဒို |

#### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဖရန့်ဖတ် | ၃ - ၄ | ယူနီယံဘာလင် |
| လေဗာကူဆင် | ၁ - ၁ | ဂလာဘတ် |

#### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဘုန်းမောက် | ၀ - ၀ | နယူးကာဆယ် |
| ဆန်းဒါးလန်း | ၁ - ၁ | ဗီလာ |
| အာဆင်နယ် | ၁ - ၁ | မန်စီးတီး |

#### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဘရစ္စတိုး | ၁ - ၃ | အောက်စ်ဖို့ဒ် |

## အမရပူရမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်



**အမရပူရ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု Community Center ခန်းမတွင် ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပိန်းတန်းအခြေခံပညာ မူလတန်းကျောင်းတို့ ပူးပေါင်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့်နံရံကပ်စာစောင် ပြပွဲကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းက ကျောင်းသားများ အသိပညာဗဟုသုတရရှိစေရန် လူငယ်များ သိသင့်သိထိုက်သည့်လူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးခံရနိုင်သည့် နည်းလမ်းများ၊ ကလေးသူငယ်များကိုပြစ်မှတ်ထား လူကုန်ကူးနေကြကြောင်းနှင့် လူငယ်များ သိသင့်သိထိုက်သည်များကို အကျယ်တဝင့်ဟောပြောပေးခဲ့သည်။ (ဝဲပုံ)

ဆက်လက်ပြီး တက်ရောက်လာသော ကျောင်းသူလေးများက ပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

## တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံပြည်သူများ စားသောက်ကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာတွင် အစားအစာဘေးကင်းလုံခြုံစေရန်နှင့် FDAမှ စားသုံးရန်မသင့်သည့် တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချမှုမရှိစေရေးအတွက် ယမန်နေ့က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပွင့်ဖြူမြို့မဈေးရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဌာနတို့မှ ဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပွင့်ဖြူမြို့မဈေး၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်များသို့ သွားရောက်ကာ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။ စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(၄၄၅)

၀-၀-၀-၀

# နန္ဒာ(မြောက်)ကျေးရွာ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲမှသည်---

နံနက်စောစော ၆ နာရီမထိုးခင် ကျွဲဆည်ကန် ကားကွင်းဘက်သို့ ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။ နံနက်စောစောမို့ လမ်းပေါ်တွင် သွားလာနေသော ကား၊ ဆိုင်ကယ်များက နည်းသေးသည်။ နံနက်ခင်းလေနုအေး၏ တိုးဝှေ့မှုကို ခံစားရင်း ဆိုင်ကယ်မောင်းခဲ့သည်။ လမ်းမကြီးများကျယ်လာသည်နှင့်အမျှ သန့်ရှင်းမှုလည်းရှိလာသော မန္တလေးမြို့ကို တွေ့ရသည်။ လွန်ခဲ့သော နှစ် ၄၀ ခန့်က ဤလမ်းများသည် ကျဉ်းသည်။ လမ်းဘေးမြောင်းများကလည်း သဘာဝမြေမြောင်းနှင့်မြက်ပင်များနှင့်ဖြစ်သည်။ မြို့ပြ၏ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာဖြင့် ကျယ်ပြန့်လာသည်ကို တွေ့ရသည်။ ကားကွင်းအသစ်သို့ရောက်ပြီ၊ တောင်ကြီးကားဂိတ်(ဒွိဉီနောင်)သို့ဝင်၍ တောင်ကြီးမှ မိတ်ဆွေပို့သော ပစ္စည်းရွေးသည်။ ပစ္စည်းကမရောက်သေး ရှာဖွေရ၊ ဖုန်းဆက်ရဖြင့် နည်းနည်းကြာသွားသည်။ ပြန်ရန်ပြင်နေစဉ် ကိုနိုင်စေရထံမှ ဖုန်းဝင်လာသည်။ ပုသိမ်ကြီးမှ ကားထွက်လာပြီဖြစ်ကြောင်း စောင့်နေရန်ပြောသည်။ စောင့်နေကြရမည်ကို အားနာသဖြင့် သွားနှင့်ကြရန် ပြောရသည်။ ဆိုင်ကယ်ဖြင့် အမီလိုက်လာမည် ဖြစ်ကြောင်း ပြောရသည်။ ကားဝင်းအသစ်မှ ပြန်ထွက်ခဲ့သည်။ ပတ်ဝန်းကျင်က လူနေတိုက်တာများဖြင့် ပြည့်နေသည်။ ငယ်စဉ်က ဘဝကို ဖျတ်ခနဲသတိရမိသွားပြန်သည်။ ကျောင်းမတက်ချင်သောနေ့နှင့် ကျောင်းပိတ်ရက်အချို့တို့တွင် လွယ်အိတ်ထဲလောက်လေးခွတစ်ချောင်းစီဖြင့် သည်နယ်မြေထဲ လျှောက်သွားဖူးသည်။ လယ်ကွင်းများကြားမှ လောကမဏိစူဠာ စေတီ၊ အင်းခရဘုရားနှင့် ဓောင်းကလေးအင်း တစ်ဝိုက်လည် ခဲ့ကြသည်။

ထိုနယ်မြေတွင် ယခင်က တောကြီးမြွေ ပေါက်များက ပေါလှသည်။ လယ်ကွင်းထဲ၊ ချောင်းကြား၊ မြောင်းကြားတွေ့ရာအကောင်ငယ်များ၊ ငှက်များကို လောက်လေးခွဖြင့်ပစ်ရင်း အပျော်သွားခဲ့ကြဖူးသည်။ ထိုသို့ သွားလာရင်း မောလျှင် လူရှင်းလူပြတ်လှသော လောကမဏိ စူဠာ၊ အင်းခရဘုရားတို့တွင် နားသည်။ တောကြီးမြွေပောက်နှင့် တွေ့လျှင်တော့ အသကုန်ပြေး ကြတော့သည်။ ဒေသခံများလည်း မှာထားသည်။ မြွေများသည် အန္တရာယ်များသဖြင့် ရှောင်ရန်သတိ ပေးထားသည်။ မြွေကြီးများကလည်း ၁၀ ပေခန့် ထိရှည်လျားပြီး မည်းနက်သော အသွေးအရောင် ဖြင့် ကြောက်မက်ဖွယ်ဖြစ်သည်။ ခေတ်ကာလ ရွေ့လျော၍ ယခုမူ တောကမြို့လယ်ခေါင်ဖြစ်နေ လေပြီ။

အိမ်သို့ရောက်သည်နှင့် အဝတ်အစားလဲ၍ မြို့ပတ်လမ်းမှတစ်ဆင့် မန္တလေး-မတ္တရာလမ်းသို့ ခရီးဆက်သည်။ နန္ဒာမြောက်ရွာဘက်သို့ ချိုးကွေ့ လိုက်သည်နှင့် လမ်းထိပ်တွင် ယာဉ်ထိန်းရဲကို တွေ့ရသည်။ ရှေ့တစ်ကွေ့တွင် မီးသတ်ရဲဘော် လေးများက စောင့်နေသည်။ စာကြည့်တိုက်သွားရ မည့်လမ်းမေးရာ လမ်းညွှန်များစောင့်နေကြောင်း တည့်တည့်သွားရန် ညွှန်ပေးကြသည်။ နန္ဒာ မြောက်ရွာကား စည်ကားလှသည်ကို တွေ့ရ သည်။ စာကြည့်တိုက်ရှေ့တွင် ကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာကျေးရွာ တာဝန်ရှိ သူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနတို့မှ ဝန်ထမ်း များ တွေ့ရသည်။ ကင်မရာလွယ်ထားသော ပြန်/ ဆက်မှ ဇာနည်က ပြုံးရွှင်စွာဖြင့် စာကြည့်တိုက် ထဲသို့ ပို့ဆောင်ပေးသည်။ စာရေးဆရာအဖွဲ့များ လည်း စုံလင်စွာတွေ့ရသည်။ စာကြည့်တိုက်တွင် အနည်းငယ်ကြည့်ရှုလေ့လာပြီး အနီးအနား ရွာထဲ သို့ လေ့လာရန် ထွက်ခဲ့သည်။ နန္ဒာမြောက်ရွာသို့ ငယ်စဉ်က ဖခင်ဖြစ်သူနှင့် ရောက်ခဲ့ဖူးသည်။ ဖခင်က အားလပ်ရက်များတွင် လမ်းလျှောက်၍ ဖြစ်စေ၊ စက်ဘီးဖြင့်ဖြစ်စေ မဲကင်းကုန်း၊ ဆင်ရွာကြီး၊ နန္ဒာရွာ၊ ကန်ပိုင် စသည့်ရွာများသို့ သွားလေ့ရှိသည်။ ရွာများ သို့ရောက်လျှင် ရွာဦးကျောင်း ဘုန်းကြီးထံ ဝင်ရောက် နှုတ်ဆက်သီလယူပြီး တစ်နေကုန်နေလေ့ရှိသည်။ ဘုန်းတော်ကြီးကျောင်းမှ ရှိသမျှစက်ပစ္စည်းများကို ပြင်သည်။ အချိန်ရလျှင် ရွာထဲမှ စက်ပစ္စည်းများကို



စေတနာဖြင့် ပြင်ပေးသည်။ မည်သည့်အဖိုးအခမျှ မယူ၊ ကုသိုလ်ပြုခြင်း၊ ပညာဖြင့်ဒါနပြုခြင်းသက် သက်ဖြစ်သည်။ နေအိမ်ပြန်လျှင် သဘာဝအလျောက် ပေါက်နေသော ကင်းပုံ၊ ကြက်ဟင်းခါး၊ ဟင်းညှို့၊ ကန်စွန်း၊ မှိုနားတို၊ ကောက်ရိုးနွယ် စသည်များ ခူးဆွတ်ရင်း ပြန်လေ့ရှိကြသည်။ ဟင်းချက်စရာနှင့် တို့စရာကို ပတ်ဝန်းကျင် အိမ်နီးချင်းများအား အမြဲ ဝေငှပေးလေ့ရှိသည်။ ဖခင်က ငါးပိရည်မပါလျှင် ထမင်းမစား၊ တို့စရာကောင်းကို မက်သည်။ ဟင်း ကောင်းကိုမမက်၊ ဝန်းကျင်ရွာများက ဖခင်လာလျှင် အိမ်များသို့ အလည်ခေါ်၊ ထမင်းစားဖိတ်ကြသူများ လှသည်။ ဖခင်ကမူ ဘုန်းတော်ကြီးကျောင်းတွင်သာ စတည်းချတတ်သည်။



ငယ်စဉ်က နန္ဒာရွာသို့သွားလျှင် လယ်ကန်သင်း လှည်းလမ်းမှ သွားခဲ့ရသည်။ ရွာမှာ အိမ်ခြေနည်းလှသည်။ တော သဘာဝစစ်ဖြစ်သည်။ ယခုမူ မြို့ပြအရိပ်လွှမ်းမိုး သွားပြီဖြစ်သည်။ ရွာထဲမှ စာကြည့်တိုက်သို့ ပြန်ခဲ့သည်။ စာကြည့်တိုက်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ကိုယ်တိုင် လာရောက်အားပေးချီးမြှင့်သည်။ ဝန်ကြီး များနှင့် တာဝန်ရှိသူများလည်းပါသည်။ နေရာ အနေအထားအရ စာကြည့်တိုက်ထဲမှ စာရေးဆရာ အဖွဲ့ထံ မသွားတော့ဘဲ ကျောင်းသား၊ ကျောင်းသူ ကလေးများနှင့်ရောနေပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများ ပြန်လည်ထွက်ခွာသွားမှသာ နှုတ်ဆက်ပြီး စာကြည့်တိုက်တွင်း ဝင်ခဲ့သည်။ လူငယ်များအတွက် အမှန် တကယ်လိုအပ်သည့် ပါလာသော စာအုပ် အချို့ကို လှူဒါန်းဖြစ်ခဲ့သည်။ မိမိ၏ ငယ်ဆရာ ဘုန်းဣန္ဒာရေးသားသည့် နီတိတစ်ထောင်လက်စွဲ ကျမ်း စာအုပ်နှင့် ဘာသာ၊ လိမ္မာစာစဉ်စာအုပ်အချို့ လှူဒါန်းခဲ့သည်။ နန္ဒာ(မြောက်)ကျေးရွာ အလင်း ရောင်စာကြည့်တိုက်သည် သေသပ်လှပပြီး စာကြည့် တိုက်ရှေ့တွင် နေရာကွက်လပ်လည်းရှိသည်။ ကလေးများအတွက် ရုပ်ပြစာအုပ်မှအစ သေသေ ချာချာစီစဉ်ထားသည်ကို တွေ့ရသည်။ စာကြည့် တိုက်တာဝန်ရှိသူများကို နှုတ်ဆက်အပြီး တည်ခင်း ဧည့်ခံသော ဒံပေါက်ထမင်းနှင့် အချိုပွဲသုံးဆောင် ကြသည်။ ဆရာ ဦးရန်ရှင်းက မပြန်ခင်ရွာထဲမှ ဘုရားနှင့်ဘုန်းတော်ကြီးကျောင်းတို့ကို ပို့ဆောင် ပေးမည်ဆို၍ ဝမ်းမြောက်မိသည်။ ဦးရန်ရှင်းက ပုသိမ်ကြီးသမိုင်းကျေသည်။ ပုသိမ်ကြီး သမိုင်း စာအုပ်ကိုလည်း ပြုစုထားပြီးသူ ဖြစ်သည်။ သိလိုသော ဗဟုသုတများကို ရှင်းပြပေးမည်မှာ သေချာသည်။

ဆရာ ဦးရန်ရှင်း ဦးဆောင်သော နောက်သို့ လိုက်ခဲ့သည်။ နန္ဒာကျေးရွာသည် သမိုင်းဝင်ရွာတစ် ရွာဖြစ်ပြီး ပုဂံခေတ်အနော်ရထာမင်းဆည်ဖို့ခဲ့သော နန္ဒာကန်၏ ကန်စောင့်ရွာတွင် ပါဝင်ခဲ့သော ရွာတစ် ရွာဖြစ်ကြောင်း ရှင်းပြပြီး ရွာ၏မြောက်ဘက် သီရိ နန္ဒာကျောင်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ကျောင်း ဝင်းအတွင်းမှ မယ်ရွှေစေတီတော်ကို ဖူးမြော်စေသည်။ စာရေးဆရာအဖွဲ့က စိတ်ဝင်တစားလိုက်ပါကြသည်။ နို့ထိန်းမယ်တော်မယ်ရွှေ၏ ရုပ်တုနားတွင် ဆရာ ဦးရန်ရှင်းက သမိုင်းကြောင်းအကျဉ်းကို ရှင်းပြသည်။ နန္ဒာရွာသည် ပုဂံခေတ်အနော်ရထာမင်း ဆည်ဖို့ ခဲ့သော နန္ဒာကန်စောင့် ရွာတစ်ရွာဖြစ်ကြောင်း၊ အမရပူရပြည့်ရှင် ပုဂံမင်း၏ နို့ထိန်းမယ်တော်ဖြစ်ခဲ့ ပြီး ဟင်္သာတ၊ တောင်ပြုံးမြို့စားဖြစ်သော မယ်တော် မယ်ရွှေတည်ထားသဖြင့် မယ်ရွှေစေတီဟုတွင်ကြောင်း၊ သာယာဝတီမင်းကြီးက နန္ဒာကန်ဘက်တွင် လမိုင်း လယ်များစစ်ဆေးရင်း မယ်ရွှေနှင့်တွေ့ခဲ့ကြောင်း နို့ထိန်း မယ်တော်ဖြစ်ရန် အချက်အလက်များနှင့် ပြည့်စုံ၍ ပုဂံမင်းကို နို့ထိန်းမိခင်လုပ်စေရန် ခေါ်ဆောင်ခဲ့ ကြောင်း ၁၂၁၄ တွင် ပုဂံမင်းနန်းကျ၍ မင်းတုန်းမင်း တရားကြီး နန်းတက်လာခဲ့သည်။ပုဂံမင်းလက်ထက် က မင်းမှုထမ်းအားလုံးကို ဆန္ဒအလျောက် တာဝန်ပြန်လည်ထမ်းဆောင်စေကြောင်း၊ အောက် ပြည်အောက်ရွာ ဟင်္သာတစားမယ်တော်မယ်ရွှေက မင်းမှုထမ်းမလုပ်တော့ဘဲ ရွာပဲပြန်နေမည်ဟု ဆိုခဲ့ ကြောင်း၊ မယ်တော်မယ်ရွှေ၏ဇာတိမှာ ပေါက်မြိုင် ဇာတိဖြစ်ကြောင်း နန္ဒာတစ်ကြောမှ မယ်တော် မယ်ရွှေအပိုင်ဖြစ်သည့် လယ်တွင်ဘုရားတည်ခဲ့ကြောင်း နှစ်စဉ် မယ်တော်မယ်ရွှေပူဇော်ပွဲလုပ်ကြကြောင်း ခြသေ့ံကြီးနှစ်စီးလည်းရှိကြောင်း များမကြာမီက ပြိုကျခဲ့ကြောင်း ရှင်းပြသည်။ ပေါက်မြိုင်ရွာနှင့် တည့်တည့်လမ်းတွင် ခြသေ့ံကြီး နှစ်စီးတည်ထား ခဲ့ကြောင်း နန္ဒာမြောက်ရွာတွင်ပင် မယ်တော် မယ်ရွှေ တည်ဆောက်ခဲ့သော ကျောင်းကြီးရှိကြောင်း ထို ရှေးကျောင်းကြီးထဲတွင် ဘုရားစာတိုက်များ၊ ပေ သေတ္တာများ၊ ရှေးခေတ်ပေလွှာများလည်းရှိကြောင်း ရှင်းပြပြီး မြောက်ကျောင်းသို့ ခေါ်ဆောင်ခဲ့သည်။ အိမ်တော်ရာစေတီ၏ အရံစေတီလေးဆူထဲတွင် လည်း မယ်တော်မယ်ရွှေ တည်ခဲ့သော ဘုရားတစ်ဆူ ပါဝင်ကြောင်း ဘုရင်နှင့်ယှဉ်၍ ဘုရားတည်နိုင်ခြင်း မှာ နို့ထိန်းမယ်တော်ဖြစ်ခဲ့ခြင်းကြောင့် တည်ခွင့်ရ ခြင်းဖြစ်ကြောင်း ရှင်းပြပေးခဲ့သည်။ (အိမ်တော်ရာ စေတီ၏ အရှေ့တောင်ထောင့်စေတီသည် မယ်ရွှေ တည်ခဲ့သော စေတီဖြစ်သည်)။ ဆက်လက်၍ ဦးရန်ရှင်းက မယ်တော် မယ်ရွှေတည်ထားခဲ့သော



ဘုန်းတော်ကြီးကျောင်းသို့ ဦးဆောင်ခေါ်သွားခဲ့ ပြန်သည်။ နန္ဒာကန်၏ ဘေးမဲ့ကျောက်စာ ကျောက်တိုင်ကိုလည်း ပေါင်းမြက်ပင်များကြား တွင် လေ့လာမှတ်တမ်းတင်ခဲ့ရသည်။ သီရိနန္ဒာ ကျောင်းတော်ကြီးထဲမှ ရှေးဟောင်းပေသေတ္တာ၊ ဘုရားစာတိုက်များအပြင် ပန်းချီဆရာကြီး ဦးစောမောင်၏ ရှားပါးပန်းချီလက်ရာများကိုလည်း တွေ့ရသည်။ ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းထားသင့်သည်များကို များစွာတွေ့ရ သည်။ ထိန်းသိမ်းမှုအားနည်းနေသည်ကိုလည်း ကိုယ်တွေ့မို့ အားမရခဲ့၊ ဤသို့ဆိုလျှင် ရှေးဟောင်း အမွေအနှစ်များ မကြာမီပျောက်ကွယ်သွားနိုင်ပေ သည်။ ခြသေ့ံကြီးပြိုကျပျက်စီးနေသည့် အုတ်ပုံ လည်းလေ့လာခဲ့ရသည်။ အပြန်တွင် မတ္တရာလမ်း ဘေးရှိ နန္ဒာကန်ဘိုးဘိုးကြီးနတ်နန်းအနီးရှိ နန္ဒာ ကျောက်စာကိုလည်း ဝင်ရောက်လေ့လာခဲ့ရသည်။ အုတ်ပုံအုတ်ကျိုးများကြား သုံးထပ်သားလေး ဖြင့် ဖြစ်သလို အုပ်ကာထားသည်ကို ဖယ်၍ ကြည့်ရှုလေ့လာခဲ့ရသည်။ ရှေးလက်ရာ အမွေ အနှစ်များ ထိန်းသိမ်းသူမရှိဖြစ်နေသည်မှာ နှမြောစရာကောင်းသလို ဝမ်းနည်းစရာလည်း ကောင်းလှသည်။ ဒေသခံ၊ ရွာခံတို့မှ အသိစိတ် ဓာတ်ရှိရှိ ကိုယ်တိုင်ထိန်းသိမ်းထားကြရမည် ဖြစ်သည်။ ဤသို့ဖြင့် ပြန်ခဲ့ကြသည်။အိမ်မရောက် ခင် ဆရာ မန်းမြေမှပန်းသပြေနှင့်လက်ဖက်ရည် သောက်ရင်း နန္ဒာ(မြောက်)ရွာအကြောင်း ဆွေးနွေး ခဲ့ကြသေးသည်။

သမိုင်းဝင် နန္ဒာ(မြောက်)ကျေးရွာ အလင်း ရောင်စာကြည့်တိုက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ကျေးရွာ မှ လူငယ်များအတွက် အသိဉာဏ်အလင်းတံခါး ဖွင့်ပေးနိုင်ခဲ့သည်ဟု ဆိုရပေမည်၊ ဖြစ်မြောက်ရေး အဖွဲ့အား ကျေးဇူးမှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ကိုလည်း ကျေးဇူးတင်မိသည်။ ကျေးရွာအဆင့် စာကြည့်တိုက်ကလေးကို အရေးတယူလာရောက် ဖွင့်လှစ်ပေးသဖြင့် ကျေးရွာသားများကိုယ်စားလည်း ဂုဏ်ယူဝမ်းမြောက်မိသည်။ စာကြည့်တိုက်ဖွင့်ပွဲ အကြောင်းပြု၍ ကျွန်တော်တို့ စာရေးဆရာအဖွဲ့ လည်း ဘုရားဖူးရင်း သမိုင်းဝင်နေရာနှင့် သမိုင်း မှတ်တမ်းအချို့ လေ့လာခွင့်ရခဲ့သည်။ ဗဟုသုတ လည်းရခဲ့သည်။ နောက်အလှည့်သင့်လျှင် စာကြည့် တိုက်သို့ စာအုပ်စာစောင်များ ထပ်မံလှူဒါန်း ဦးမည်ဟု အားခဲထားမိပေသည်။

**နိုင်ဗလ**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Bangkok Traffic (Love) Story တစ်ကျော့ပြန်ရေပန်းစားလာ

ထိုင်းဇာတ်လမ်းတွဲ Bangkok Traffic(Love)Story မှာ နှစ်များစွာကြာမှ တစ်ကျော့ပြန်ရေပန်းစားလာသည့် ရှုပ်ထွေးသော လမ်းမထက်မှရိုးရှင်းသော လှပသည့်အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွင် သက်လတ်ပိုင်းအမျိုးသမီးတစ်ဦး၏ အချစ်ဇာတ်လမ်းကို ဟာသနှော၍ ပုံဖော်ထားရာ တစ်ကိုယ်တည်းတောက်ပမည့်အပျိုကြီးက သူငယ်ချင်းများလက်ထပ်သွားချိန်တွင် အထီးကျန်နေခဲ့သည်။

သူငယ်ချင်းမင်္ဂလာဆောင်တွင် အထီးကျန်စိတ်နှင့်ပျော်သည့်စိတ်ရော၍ မူးမူးနှင့်ကားမောင်းပြန်ရာမှ မတော်တဆမှုကြောင့် နတ်သားလေးနှင့် ဆုံခွင့်ရကာ မိသားစုမှာ ထိုင်းတရုတ်နွယ်ဖွားဖြစ်၍ စည်းမျဉ်းတင်းကျပ်သည့်ကြားမှ လှပသည့် အချစ်ကို ပုံဖော်ရယူခဲ့ခြင်းဖြစ်သည်။ မင်းသမီးခရစ်နှင့်မင်းသား တီရာဒါဂျီတို့၏ လိုက်ဖက်ညီမှုကြောင့် ပရိသတ်ကြား တစ်ကျော့ပြန်ရေပန်းစားခဲ့သည်။ (SKY)

## The White Lotus Season 3 မှ Koh Sanui ကျွန်း ခရီးသွားများ ပိုမိုများပြားလာ

ဘလက်ပင့်ခ်မှ လီဆာပါဝင်ထားသည့် The White Lotus Season 3 တွင် ထိုင်းနိုင်ငံမှ ကျွန်းများ၏အလှနှင့် ရိုးရာယဉ်ကျေးမှုကို ကမ္ဘာသိအောင် ချပြခဲ့ရာမှ Koh Sonui ကျွန်းတွင် ခရီးသွားများ ပိုမိုများပြားလာခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားထဲတွင်ပါဝင်သည့် Koh Souui ကျွန်းမှာ ဖူးခတ်ကျွန်းပြီးလျှင် ဒုတိယအကြီးဆုံးကျွန်းဖြစ်ပြီး သဘာဝအလှအပများ ပြည့်ဝသောနေရာဖြစ်ကာ ကျွန်းကို ကြော်ငြာခြင်းမဟုတ်သကဲ့သို့ လီဆာကို ပြသထားခြင်းလည်းမဟုတ်ဘဲ လာတည်းသည့်ဧည့်သည်များ အရှုပ်တော်ပုံကို ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။

ယင်းဇာတ်ကားမှာ အိပ်ချ်ဘီအိုမက်စ်၏ နာမည်ကြီးဇာတ်လမ်းတွဲတစ်ပုဒ်ဖြစ်ခဲ့ပြီး ထိုင်းဒေသနှင့် ကျွန်းဇာတ်လမ်းတွဲများ ပရိုမိုးရှင်းလုပ်၍ ရိုးရာယဉ်ကျေးမှုကို နိုင်ငံတကာသိအောင် ဆွဲဆောင်တင်ပြရိုက်ကူးမှုမှာ ချီးကျူးစရာတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရသည်။ (SKY)





## ပလတ်စတစ်အမှုန်အမွှားများ လူ့ဦးနှောက်ဆီသို့ ရောက်ရှိကာ အယ်လ်ဇိုင်းမားရောဂါကဲ့သို့သော အခြေအနေများကို ဖြစ်ပေါ်စေနိုင်

ပလတ်စတစ်အမှုန်အမွှားများသည် လူ့ဦးနှောက်ဆီသို့ ရောက်ရှိနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု ရို့ဒ်ကျွန်းတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက တွေ့ရှိခဲ့သည်။

ယင်းတက္ကသိုလ် ဆေးဝါးဗေဒကောလိပ်မှ ပါမောက္ခ ဂျေမီရော့စ် ဦးဆောင်သောအဖွဲ့၏ သုတေသနပြုချက်အရ လူတို့တွင် တွေ့ရသည့် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှုများသည် ပလတ်စတစ်အမှုန်အမွှားများကြောင့် ဖြစ်ပွားနိုင်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

အလွန်သေးငယ်သော မိုက်ခရိုပလတ်စတစ်နှင့် နာနိုပလတ်စတစ် အမှုန်အမွှားများသည် လူ့ပတ်ဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေပြီး အစားအစာ၊ ရေနှင့် လေတို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲသို့ ပုံမှန်ရောက်ရှိနေသည်။

ယင်းအမှုန်အမွှားများသည် ခန္ဓာကိုယ်အနှံ့အပြားသို့ ရောက်ရှိနိုင်ကာ ဦးနှောက်အတွင်း စုပုံလာနိုင်ပြီး အယ်လ်ဇိုင်းမားရောဂါနှင့် ဆင်တူသော အခြေအနေများကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။ (SCI)

## Lee Yi Kyung ကို အဓိကမင်းသားအဖြစ် Marry You တွင် တွေ့ရ



ပရိသတ်အားပေးမှုရရှိထားသည့် ဂင်ချားနား(ခေါ်)လီရီကွမ်သည် သဘာဝမင်းသားတစ်ဦးအဖြစ် ဟာသဇာတ်ကားများနှင့် နာမည်ရခဲ့ရာမှ အဓိကမင်းသားအဖြစ် Marry You တွင် ပါဝင်ထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီရီကွမ်ပါဝင်ထားသည့် ရုပ်ရှင်ဇာတ်ကား Hitman2 မှာ ရုံတင်ချိန်မှစ၍ ကြည့်ရှုနှုန်းစံချိန်တင်ကာ ၂၀၂၅ ခုနှစ်အတွင်း စံချိန်တင်ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

လီရီကွမ်ပါဝင်ထားသည့် ဇာတ်ကားများမှာ ရယ်စရာဟာသကြောင့် စိတ်အပန်းဖြေစေကာ Hitman 1 ထက် 2 မှာပို၍ အောင်မြင်ခဲ့ပြီး လီရီကွမ်ကို အားပေးထားသော ပရိသတ်တစ်ခဲနက်ရှိခဲ့ကြသည့်အပြင် သရုပ်ဆောင်သာမက အဆိုလည်းတော်သဖြင့် လူကြိုက်များသော အနုပညာရှင်ဖြစ်လာသည်။ (SKY)

## တရုတ်ရုပ်ရှင်ဇာတ်ကား Big World တွင် သဘာဝမင်းသားဂျက်ဆင်ရီပါဝင်ထား

တရုတ်အနုပညာရှင် သဘာဝမင်းသားဂျက်ဆင်ရီ(ခေါ်)ယီယန်ချန်းရှီပါဝင်ထားသည့် Big World ရုပ်ရှင်သည် သရုပ်ဆောင်ပိုင်နိုင်မှုကြောင့် ထိပ်ဆုံးစာရင်းဝင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်တွင် အသက်နှစ်ဆယ်အရွယ် လူငယ်တစ်ဦး ဦးနှောက်အကြောသေရောဂါခံစားနေရ၍ ဉာဏ်ကောင်းသော်လည်း လူ့အသိုက်အဝန်းထဲ ဝင်ဆံ့မရသည့်အပြင် မိသားစုအတွက်ပါ ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ရသည်။

အဖွားဖြစ်သူရောက်လာပြီး အဖွားသူငယ်ချင်းများနှင့် တီးဝိုင်းတွင်ပါရင်း မိန်းကလေးတစ်ဦးနှင့် တွေ့ရာမှ နားလည်မှု၊ အားပေးမှုများကြောင့် 'နေရောင်ခြည်မရောက်သည့် မှောင်မိုက်ဆုံးနေရာများတွင်ပင် ရေညှိပင်လေးများက ပျိုးနီပန်းလို သိက္ခာရှိရှိ ပွင့်လန်းနိုင်အောင် သူ့အင်အားသူ အသုံးချပြီး တိုက်ခိုက်နေကြတယ်' ဆို၍ သူကိုယ်တိုင် ကြိုးစားရှင်သန်တိုက်ခိုက်ခဲ့သည့် လူငယ်လေးဖြစ်ခဲ့သည်။



ဂျက်ဆင်ရီသည် သဘာဝဆန်သော ဇာတ်ကောင်စရိုက်ကို ပိုင်နိုင်သူဖြစ်ပြီး သူပါဝင်သော ရုပ်ရှင်ဇာတ်ကားတိုင်းတွင် သင်ခန်းစာတစ်ခုထားရစ်ခဲ့သည်။ (SKY)

## မင်းသမီး Emily Blunt ကို ရုပ်ရှင်သစ်များတွင် မြင်တွေ့ရမည်



အသက် ၄၂ နှစ်ပြည့်ပြီးဖြစ်သော မင်းသမီးအီမီလီဘလန့်ကို ၂၀၂၆ ခုနှစ်တွင် ထွက်ရှိမည့် ရုပ်ရှင်သစ်များတွင် ထပ်မံမြင်တွေ့ကြရမည်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီမီလီဘလန့်ပါဝင်ထားသည့် The Devil Wears Prada တွင် စတင်သတိထားမိခဲ့ကြပြီးနောက် Mary Poppins Returns, A Quiet Place, Sicario နှင့် Edge of Tomorrow ရုပ်ရှင်တို့ နာမည်ကြီးလာကာ၊ ဒါရိုက်တာများ ကမ်းလှမ်းခံခဲ့ရပြီး ခရစ်တိုဖာနိုလန်၏ Pooenheimer ရုပ်ရှင်တွင် ပါဝင်ခွင့်ရခဲ့သည်။

၂၀၂၆ ခုနှစ်တွင် ထွက်ရှိလာမည့် နာမည်ကျော်ဒါရိုက်တာ စတီဗင်စပီဘတ်ရုပ်ရှင်သစ်၊ မာတင်စကော့ဆီး၏ ရုပ်ရှင်သစ်တို့တွင် ထပ်မံမြင်တွေ့ရမည်ဖြစ်သည်။ ခင်ပွန်းဖြစ်သူမှာ ဒါရိုက်တာ၊ သရုပ်ဆောင် ဂျွန်ကရာဆင်စကီးဖြစ်ပြီး သာယာသော အိမ်ထောင်ရေးကို ထူထောင်ထားသည်။ (SKY)

## Tor Thanapob က ကိုယ့်ရင်ထဲကအချစ်ဆုံး My Cherie Amour နှင့်ဆုရရှိထား

ထိုင်းအနုပညာရှင် သွန်သန်နာပတ်သ်သည် ကိုယ့်ရင်ထဲက အချစ်ဆုံး My Cherie Amour နှင့် အနုပညာထူးချွန်ဆုရရှိခဲ့ကြောင်း ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထိုင်းအနုပညာဆုပေးပွဲတွင် အနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး အကောင်းဆုံးမင်းသားဆုကို My Cherie Amour နှင့် သွန်သန်နာပတ်ဘ်က ရရှိ၍ ဆုလက်ခံခဲ့သည်။

အဆိုပါပွဲတော်သို့ မတက်ရောက်နိုင်သည့် မင်းသမီး ယာယာ အူရစ်ဆာရာအတွက်လည်း အစားတက်ယူပေးရင်း ဆုနှစ်ဆုနှင့် ကျေးဇူးတင်စကားပြောကြားသွားသည်ကို ပရိသတ်များကြည့်၍ သဘောကျနေကြသည်။

ရာသီဥတုပူပူနှင့် ရိုက်ကူးရေးမနားတမ်း လုပ်ခဲ့ရကျိုးနပ်ခဲ့သည့် အသက် ၃၁ နှစ်နှင့် သွန်သန်နာပတ်ဘ်ကို ပရိသတ်များက တစ်ခဲနက်အားပေးထားကြသည်။ (SKY)



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဟီးသရိုးအပါအဝင် အဓိကလေဆိပ်များစွာ၏ လုပ်ငန်းလည်ပတ်မှုများ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ခရီးစဉ် နှောင့်နှေးမှုများနှင့် ကြုံတွေ့ရ

**လန်ဒန် စက်တင်ဘာ ၂၁**

စစ်ဆေးခြင်းနှင့် လေယာဉ်ပေါ်တက်ခြင်းဆိုင်ရာစနစ်များ ပံ့ပိုးပေးသည့် ကုမ္ပဏီတစ်ခု၌ ဆိုက်ဘာတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာမှ စက်တင်ဘာ ၂၀ ရက်တွင် ဥရောပရှိ အလုပ်အများဆုံးဖြစ်သည့် လန်ဒန်ဟီးသရိုးအပါအဝင် အဓိကလေဆိပ်များစွာ၏ လုပ်ငန်းလည်ပတ်မှုများကို ထိခိုက်စေခဲ့ပြီး လေယာဉ်ခရီးစဉ်နှောင့် နှေးကြန့်ကြာမှုများနှင့် ဖျက်သိမ်းမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက သိရသည်။

အဆိုပါ ထိခိုက်မှုသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကာကွယ်ရေးမှသည် လက်လီနှင့် မော်တော်ကားလုပ်ငန်းအထိ ကမ္ဘာ့အသီးသီးရှိ ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရများနှင့် ကုမ္ပဏီများကို ပစ်မှတ်ထားသည့် နောက်ဆုံးပေါ်ဟက်ခ်လုပ်မှုများထဲမှ တစ်ခုဖြစ်သည်။

ဖိမ်ခံကားထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် လန်းရိုဗာ၌ မကြာသေးမီကဖြစ်ပွားခဲ့သော ချိုးဖောက်မှုသည် ၎င်း၏ထုတ်လုပ်မှုကို ရပ်တန့်သွားစေခဲ့သည်။

ယခုပြဿနာများသည် ကမ္ဘာတစ်ဝန်းတွင် လေဆိပ်များရှိ လေကြောင်းလိုင်းများစွာအတွက် စနစ်များ ပံ့ပိုးပေးသည့် ကောလင်းအဲရိုးစပေ့စ် ထုတ်လုပ်သော အမ်ယူအက်စ်အီး ဆော့ဖ်ဝဲပေါ်တွင် အဓိက ဖြစ်ပွားခဲ့သည်ဟု လေဆိပ်များက အတည်ပြုသည်။

ဟီးသရိုးလေဆိပ်သည်လည်း ထိခိုက်ခံရသူများထဲတွင် ပါဝင်ပြီး ဘရပ်ဆဲလ်လေဆိပ်နှင့် ဘာလင်လေဆိပ်တို့လည်း ထိခိုက်ခဲ့သည်ဟု လေဆိပ်အသီးသီးက သီးခြားစီ ပြောကြားခဲ့သည်။

နာရီအနည်းငယ်ကြာပြီးနောက် ဒဗ္ဗလင်လေဆိပ်သည်လည်း အိုင်ယာလန်၏ ဒုတိယအကြီးဆုံး ကော့ခ်လေဆိပ်နှင့်အတူ ပြဿနာကြောင့် အနည်းငယ်ထိခိုက်မှုများ ရင်ဆိုင်နေရကြောင်း သိရသည်။ **Mon**



## စင်ကာပူသမ္မတနှင့် အီဂျစ်သမ္မတ တွေ့ဆုံဆွေးနွေး လွတ်လပ်သောကုန်သွယ်ရေး ဖြစ်နိုင်ခြေကို ရှာဖွေ

**စင်ကာပူ စက်တင်ဘာ ၂၁**

စင်ကာပူနှင့် အီဂျစ်နိုင်ငံအနေဖြင့် ၎င်းတို့၏ ဖြည့်ဆည်းပေးနိုင်သော အားသာချက်များနှင့် မဟာဗျူဟာမြောက် တည်နေရာများကို အခွင့်ကောင်းယူရန်အတွက် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်၏ ဖြစ်နိုင်ခြေကို ရှာဖွေသွားရန် စီစဉ်နေကြောင်း စီအင်န်အင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သမ္မတ သာမန်ရှန်မူဂရတ်နမ်နှင့် အီဂျစ်သမ္မတ အဗ္ဗဒဲလ်ဖတ်တာအယ်လ်-စီစီတို့သည် အဆိုပါအစီအစဉ်သည် အချိန်နှင့်ကိုက်ညီကြောင်း သဘောတူညီခဲ့ကြသည်ဟု စက်တင်ဘာ ၂၁ ရက်က ထုတ်ပြန်သော စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

လက်ရှိတွင် စင်ကာပူ၌ အကောင်အထည်ဖော်ထားသည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ၂၈ ခုရှိပြီး အခွန်လျှော့ပေါ့မှုများနှင့် ဈေးကွက်များသို့ ပိုမိုမြန်ဆန်စွာ ဝင်ရောက်နိုင်မှုစသည့် အကျိုးကျေးဇူးများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုလွယ်ကူစေမည်ဟု ဆိုသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်သည် ကိုင်ရိုသို့ သမ္မတသာမန်၏ နိုင်ငံတော်ခရီးစဉ်၏ ဒုတိယနေ့ဖြစ်သော စက်တင်ဘာ ၂၀ ရက်တွင် နှစ်နိုင်ငံ



ခေါင်းဆောင်များ တွေ့ဆုံပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ တွေ့ဆုံပြီးနောက် ခေါင်းဆောင်နှစ်ဦးသည် နားလည်မှုစာချွန်လွှာခုနစ်ခုကို လက်မှတ်ရေးထိုးခြင်းနှင့် လဲလှယ်ခြင်းတို့ကို သက်သေပြုခဲ့သည်။

နှစ်နိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုရေးဝန်ဆောင်မှုများ အပါအဝင် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့၏ ဆက်ဆံရေးကို ခိုင်မာစေရန်နှင့် ချဲ့ထွင်ရန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ဖလောရက်စ်ကျွန်းပေါ်ရှိ လီဝိုတိုဘီလာကီလာကီ မီးတောင် အကြိမ်ကြိမ်ပေါက်ကွဲပြီး ကောင်းကင်သို့ပြာမှုန်များ လွင့်ပျံထွက်ခဲ့

**ဂျကာတာ စက်တင်ဘာ ၂၁**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ မီးတောင်တစ်လုံးသည် ယမန်နေ့က အကြိမ်ကြိမ်ပေါက်ကွဲခဲ့ပြီး အာဏာပိုင်များက သတိပေးအဆင့်ကို အမြင့်ဆုံးအဆင့်သို့ တိုးမြှင့်ခဲ့ပြီးနောက် ကောင်းကင်သို့ ပြာမှုန်များ ကီလိုမီတာများစွာ လွင့်ပျံထွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ဒေသတွင်းလေဆိပ်တစ်ခု၏ လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းစေခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက သိရသည်။

၁၅၈၄ မီတာအမြင့်ရှိပြီး ထိပ်ဝနှစ်ခုပါသည့် ဖလောရက်စ်ကျွန်းပေါ်ရှိ ယင်းလီဝိုတိုဘီလာကီလာကီ မီးတောင်သည် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းတွင် ဆက်တိုက်ပေါက်ကွဲမှုများ စတင်ခဲ့ပြီး ဒေသစံတော်ချိန် ည ၁၀ နာရီ ၄၆ မိနစ်တွင် အကြီးဆုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ မီးတောင်ထိပ်မှ မီးတောင်ပစ္စည်းများ ၆ ကီလိုမီတာအကွာအထိ ပန်းထွက်ခဲ့သည်ဟု မီးတောင်ဗေဒဆိုင်ရာ အေဂျင်စီက သတင်းထုတ်ပြန်သည်။



စက်တင်ဘာ ၂၀ ရက်နံနက်ပိုင်းတွင် မီးတောင်လှုပ်ရှားမှုများ ပြန်လည်စတင်ခဲ့ပြီး ယင်းအေဂျင်စီက ပြာမှုန်များ ၂ ဒသမ ၅ ကီလိုမီတာအထိ လွင့်ပျံထွက်ခြင်းတို့အပါအဝင် ပေါက်ကွဲမှုများစွာကို မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။ **Mon**

## တိုင်များနှင့် ပင်လယ်နံရံများကဲ့သို့သော အရာများကို စစ်ဆေးရန် ရေအောက်သို့ ငုပ်လျှိုးနိုင်သည့် စက်ရုပ်တစ်မျိုး တီထွင်ပန်တီးထား

**စင်ကာပူ စက်တင်ဘာ ၂၁**

ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုမှ ကာကွယ်ရန် စင်ကာပူ၏ ခုခံနိုင်စွမ်းကို မြှင့်တင်ပေးမည့် စီမံကိန်း ၁၄ ခုအနက် တိုင်များနှင့် ပင်လယ်နံရံများကဲ့သို့သောအရာများကို စစ်ဆေးရန် ရေအောက်သို့ ငုပ်လျှိုးနိုင်သည့် စက်ရုပ်တစ်မျိုး တီထွင်ဖန်တီးထားကြောင်း စီအင်န်အိုသတင်းဌာနက ဖော်ပြသည်။

ယင်းအလိုအလျောက်စက်ရုပ်ရေအောက်ယာဉ်သည် လုပ်အားအလွန်အကျွံသုံးစွဲရခြင်း၊ မလုံခြုံခြင်းနှင့် ကျဉ်းမြောင်းသောနေရာများတွင် ကန့်သတ်ချက်ရှိသည့် လူကိုယ်တိုင်စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်မှုကို လျှော့နည်းစေနိုင်သည်။

၎င်းသည် ဉာဏ်ရည်တုကို အသုံးပြု၍ စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များကို ချိတ်ဆက်ပေးနိုင်ပြီး ထိခိုက်လွယ်သော အခြေခံအဆောက်အအုံများကို ပိုမိုပြည့်စုံစွာ အကဲဖြတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ငါးဖမ်းဆိပ်ကမ်းငယ်တစ်ခုအနီးတွင် အဖြူရောင် လေတာဘိုင်များ ကမ်းလွန်ပင်လယ်ပြင်၌ တောက်ပနေ

**တိုကျို စက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ငါးဖမ်းဆိပ်ကမ်းငယ်တစ်ခုအနီးတွင် ရေရှည်တည်တံ့သော စွမ်းအင်မဟာဗျူဟာအဖွဲ့၏ အဓိကစီမံကိန်းတစ်ခု မစတင်မီ လပိုင်းအလို၌ နိုင်ငံ၏ ပထမဆုံး စီးပွားဖြစ်အသုံးပြုနိုင်သော ရေပေါ်လေအားလျှပ်စစ်ခြံကြီးမှ ပါးလွှာသော အဖြူရောင် လေတာဘိုင်များ ကမ်းလွန်ပင်လယ်ပြင်၌ တောက်ပနေကြောင်း သိရသည်။

ပြည်ပမှတင်သွင်းသော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများကို များစွာအားထားနေရဆဲဖြစ်သည့် ဂျပန်သည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အဓိကစွမ်းအင် အရင်းအမြစ်ဖြစ်စေရန်နှင့် ဆယ်စုနှစ်တစ်ခုအကြာတွင် ကာဗွန်ကြားမှရောက်ရှိရန် ၎င်း၏တွန်းအားပေးမှုတွင် ကမ်းလွန်လေအားလျှပ်စစ်ကို "ထောက်ကူအား" အဖြစ် ကြေညာခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် စီမံကိန်း စရိတ်များ မြင့်တက်လာခြင်းနှင့် တာဘိုင်များကို အလုံးအရင်းဖြင့် ထုတ်လုပ်ရန်အတွက် လုံလောက်သော အခြေခံအဆောက်အအုံမရှိမည်ကို စိုးရိမ်မှုများရှိနေသော်လည်း အဆိုပါကြေညာချက်ကို ပြုလုပ်ခဲ့သည်။



ရေအောက်တွင် မြေစိုင်မြေခဲများဖြင့် အလွယ်တကူ ဆောက်လုပ်၍မရသည့် ဂျပန်၏ နက်ရှိုင်းသော ကမ်းရိုးတန်းရေပြင်များသည် ရေပေါ်တာဘိုင်များကို အထူးသင့်လျော်စေပြီး နိုင်ငံသည်လည်း သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်သည်ကို တွေ့ရသည်။

"လျှင် သို့မဟုတ် တိုင်ဖုန်းမုန်တိုင်းတွေ ဖြစ်တဲ့အခါမှာတောင် ရေပေါ်ဖွဲ့စည်းပုံတွေက အတော်လေး တည်ငြိမ်ပါတယ်" ဟု စီမံကိန်းတွင် အဓိကပါဝင်သူဖြစ်သည့် တိုဒါဆောက်လုပ်ရေး ကုမ္ပဏီမှ ပင်လယ်ရေကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဌာန အကြီးအကဲ ကေးအူရှိဂါမိက ရှင်းလင်းပြောကြားသည်။

ဂိုတိုကျွန်းစု၏ ကမ်းလွန်ပင်လယ်ပြင် ၅ ကီလိုမီတာအကွာ၊ ရေအနက် မီတာ ၁၄၀ ရှိသော နေရာတွင် တည်ရှိသည့် အဆိုပါ တာဘိုင်ရှစ်လုံးသည် လာမည့်နှစ် ဇန်နဝါရီလတွင် တရားဝင်စတင်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။ **Mon**

## ဂါဇာ၌ ဖမ်းဆီးခံထားရသည့် ဓားစာခံများ၏ ဓာတ်ပုံကို ဟားမားစ် ထုတ်ပြန်

**ဂါဇာ စက်တင်ဘာ ၂၁**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတပ်ဖွဲ့များက မြေပြင်စစ်ဆင်ရေး လုပ်ဆောင်နေချိန် ဟားမားစ်အုပ်စုက ဂါဇာကမ်းမြောင်ဒေသတွင် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများ၏ပုံကို ထုတ်ပြန်လိုက်သည်။ အစ္စရေး၏လှုပ်ရှားမှုများအပေါ် ဆန့်ကျင်သည့်သတိပေးချက်အနေဖြင့် ဓားစာခံများ၏ ဓာတ်ပုံကို ပြသခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဂါဇာမြို့ကို သိမ်းပိုက်နိုင်ရေး ရည်ရွယ်၍ ၎င်းတို့၏လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်နေသည်ဟု အစ္စရေးတပ်ဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် ပြောသည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ဥမင်လိုဏ်ခေါင်းများနှင့် စနိုက်ပါနေရာများ အပါအဝင် ဟားမားစ်တို့၏ အခြေခံအဆောက်အအုံအများအပြားကို ဖြိုချခဲ့ကြောင်း ပြောသည်။

ဓားစာခံ ၄၀ ကျော်၏ ပုံကိုထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို ဂါဇာမြို့ရပ်ကွက်များတွင် ခွဲဝေထားရှိကြောင်း စက်တင်ဘာ ၂၀ ရက်တွင် ဟားမားစ်တို့က ပြောသည်။ ဂါဇာမြို့၌ လူဦးရေတစ်သန်းနီးပါးနေထိုင်ပြီး အစ္စရေးတို့က ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်တောင်းဆိုခဲ့ပြီးနောက် တောင်ပိုင်းသို့ တိမ်းရှောင်ကြရသည်။

ဂါဇာမြို့သား ၂၇၀၀၀၀ နီးပါး မြို့မှထွက်ခွာသွားကြပြီဟု ဂါဇာမြို့ရှိ ဒေသခံအာဏာပိုင်များက ပြောသော်လည်း တောင်ဘက်ပိုင်းရှိ အစ္စရေးတို့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဇုန်ဟုခေါ်ဆိုသော နေရာတွင် ရေ၊ အစားအစာနှင့်ယာယီနေအိမ်များ ပြတ်လပ်လျက်ရှိကြောင်း ထောက်ပြခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း (ဒေဝီ)တွင် စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစောမောင်က စာသင်ကျောင်းအခြေပြု မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး အကြောင်းအရာများကို ဟောပြောခဲ့ပြီး ကနဦး မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နိုင်ရေးအတွက် လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ရွှေအိုးနယ်မြေမီးသတ်စခန်း တာဝန်ခံနှင့်တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်နှင့် လိုက်နာရန်အချက်များ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ တစ်မျိုးချင်း အလိုက်သုံးစွဲမှုကို ရှင်းလင်းပြောကြားကြသည်။



ထို့နောက် ကျောင်းသားများအား သဘာဝဘေးဖြစ်လာပါက အသက်ကယ်အင်္ကျီ life Jacket ဝတ်ဆင်ပုံ၊ BA SET၊ အရေးပေါ် လူနာသယ်ဆောင်နည်းနှင့် အသက်ရှူကိရိယာကို အသုံးပြုပုံများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**နောင်နောင်(ဗိသုနိုးမြေ)**



## မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး ကွင်းဆင်းစစ်ဆေး အသိပညာပေး ဟောပြော

**သရက် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးနိုင်စေရန် ယမန်နေ့ နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်ရှိ နေအိမ်များသို့ သွားရောက်ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေဖြိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်အတွင်းရှိ မိဘပြည်သူများအနေဖြင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးလောင်ကျွမ်းမှု မဖြစ်ပေါ်စေရေးတို့အတွက် မီးသတ်ဦးစီးဌာနမှထုတ်ပြန်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲအိတ်နှင့် မီးသတ်ဆေးဘူးစသော မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိရေး၊ လောင်စာဆီများသိုလှောင်ခြင်းမပြုရန်၊ တပ်ဆင်ထားသော ဟောင်းနွမ်းလျှပ်စစ်ဝါယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးမပြုကြရန်၊ မီးသွေးမီးဖိုဖြင့် ထမင်း၊ ဟင်းချက်ပြုတ်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျ မီးငြိမ်းသတ်ကြရန် စသည့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များအား ကွင်းဆင်းစစ်ဆေးအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၇ ရက် ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ်၊ လွိုင်လင်မြို့၊ ရပ်ကွက်(၂)အနီး လွိုင်လင်-တောင်ကြီး သွားကားလမ်း၌ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်နေ အောင်ဇင်ဟိန်း(၃၉)နှစ်ဆိုသူ မောင်းနှင်ပြီး တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်နေ မအဲနှာ(၂၇)နှစ်ဆိုသူ လိုက်ပါလာသော HONDA CRV အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၄င်းတို့နှစ်ဦးသယ်ဆောင်လာသည့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် HAPPY WATER ၂ ဒသမ ၄၉ ကီလိုနှင့် ကတ်တမင်း ၆ ဒသမ ၄၅ ကီလိုတို့အား ဖမ်းဆီးရမိသဖြင့် အောင်ဇင်ဟိန်းနှင့် မအဲနှာဆိုသူတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*- *- *- *- *





## လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၉ ရက်က ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ စီလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပျဉ်းမနားခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မှ နေပြည်တော်သို့ ပျဉ်းမနားမြို့နယ်၊ ဥယျာဉ်စုရပ်ကွက်နေ ချစ်ကိုကိုဦး (၂၄)နှစ်ဆိုသူ မောင်းနှင်လာသည့် MITSUBISHI COLT မီးခိုးရောင်ယာဉ်အား စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ချစ်ကိုကိုဦး ဆိုသူအား ဒက္ခိဏသီရိမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၁**

စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ကတ်ထိုက်ကျေးရွာအုပ်စု၊ ကတ်ထိုက်ရွာ-ကျိုင်းတုံ သွားလမ်းမ နောင်ရှန်ကျေးရွာအနီး၌ ကျိုင်းတုံမြို့နယ်၊ကတ်ထိုက်ကျေးရွာနေ ကျထော(၃၈)နှစ်ဆိုသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ အား ဖမ်းဆီးရမိသဖြင့် ကျထောဆိုသူအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*- *- *- *- *



### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် ၃၀ မိုင် (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀ မိုင် (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# အကျဉ်းထောင်များနှင့်ပတ်သက်၍ မဟုတ်မမှန် စွပ်စွဲရေးသား ဖော်ပြခဲ့

နေပြည်တော် စက်တင်ဘာ ၂၁

မုံရွာအကျဉ်းထောင်ရှိ နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်းဦး အသက်ရှူကျပ်အမောဖောက်စဉ် အကျဉ်းဦးစီးဌာနက ဆေးကုသပေးရန်နှင့် ဆေးရုံပို့ပေးရန် ငြင်းဆန်သဖြင့် သေဆုံးသည်ဟု Khit Thit Media အမည်ခံ Facebook Page က စက်တင်ဘာ ၄ ရက်တွင် မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြခဲ့သည်။

အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ပြစ်ဒဏ်ကျခံနေရသူများသာရှိကြောင်း၊ အကျဉ်းသား ဇော်မင်းဦး (ဘ) ဦးလှငွေသည် လျှပ်စစ်မီးကြိုးခိုးယူမှု ပပက ၆(၁)ဖြင့် ထောင်ဒဏ် ခုနစ်နှစ် ကျခံနေရသော အကျဉ်းသားဖြစ်ပြီး အစာစားချင်စိတ်မရှိခြင်း၊ အစာမကြေသကဲ့သို့ဖြစ်ခြင်း၊ ရင်ညွန့်နေရာမှ အောင့်ခြင်း၊ ဆီးအရောင်ဝါခြင်း စသည့် ရောဂါလက္ခဏာများ ခံစားနေရခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အကျဉ်းထောင်ဆေးခန်းသို့ လာရောက်ပြသ၍ အကျဉ်းထောင်ဆရာဝန်ကစမ်းသပ်စစ်ဆေးခဲ့ရာ အဖျားမရှိခြင်း၊ သွေးပေါင်ချိန်၊ သွေးခုန်နှုန်းပုံမှန်ဖြစ်ခြင်း၊ ရင်ညွန့်နေရာတွင် လက်ဖြင့်ဖိစမ်းသပ်ပါက အနည်းငယ်နာသည်မှလွဲ၍ ကျန်အစိတ်အပိုင်းအားလုံး ပုံမှန်ဖြစ်ခြင်း၊ လူနာ၏ ရာဇဝင်နှင့် စမ်းသပ်စစ်ဆေးခြင်းများအရ အစာအိမ်ရောင်ခြင်းနှင့်အသည်းအနည်းငယ်ရောင်ခြင်းဖြစ်သဖြင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ စက်တင်ဘာ ၂ ရက်တွင် အကျဉ်းသားမှ ရတ်တရက်မောကျပ်ခြင်းကြောင့် မုံရွာပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့၍ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း။

အကျဉ်းသားလူနာသည် စက်တင်ဘာ ၃ ရက် ည ၇ နာရီမိနစ် ၄၀ တွင်ဆေးကုသမှုခံယူလျက်ရှိရာမှ နှလုံးကြွက်သား လျှော့တွဲအားနည်းရောဂါကြောင့် ရုတ်တရက် နှလုံးခုန် ရပ်တန့်၍ သေဆုံးသွားသဖြင့် ၎င်း၏ မိသားစုဝင်များထံသို့ အကြောင်းကြားပြီး မိသားစုဝင်များနှင့်အတူ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြောင်း သိရသည်။

Khit Thit Media က ဖော်ပြထားသကဲ့သို့ ဆေးဝါးကုသခွင့်မရ၍ သေဆုံးရသည့် သေဆုံးအကျဉ်းသားများ လစဉ်ပိုမိုတိုးလာသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ထို့ပြင် အကျဉ်းသားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများမရှိကြောင်း၊ LGBT အကျဉ်းသားအချို့အပေါ် အကျဉ်းဦးစီးဌာနက လက်သပ်မွေးထားသည့် ရာဇဝတ်အကျဉ်းသားများက လိင်ပိုင်းဆိုင်ရာ စော်ကားသည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိကြောင်း သိရသည်။

အကျဉ်းထောင် ဆေးခန်းတွင် ဆေးဝါးအပြည့်အစုံဖြင့် ကုသပေးလျက်ရှိပြီး သက်သာမှုမရှိပါက ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ အကယ်၍ အကျဉ်းသားများ သေဆုံးမှုရှိပါက မိသားစုထံ ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မည်သည့်အကျဉ်းသားကိုမဆို ခွဲခြားဆက်ဆံမှုမပြုရန် နှိပ်စက်ညှဉ်းပန်းမှုများမရှိအောင် တာဝန်ရှိသူအဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ Mizzima News in Burmese အမည်ခံ Facebook Page က ဘားအံအကျဉ်းထောင်တွင် နိုင်ကျဉ်း ၁၁ ဦး သုံးလကြာ တိုက်ပိတ်ခံထားရပြီး တစ်ဦးသေဆုံးသည်ဟု မဟုတ်မမှန်စွပ်စွဲရေးသား ဖော်ပြခဲ့သည်။

ဘားအံအကျဉ်းထောင်တွင် ဇွန် ၁၄ ရက်က ရှာဖွေရေးပြုလုပ်ရာတွင် အကျဉ်းသား သူရအောင် (ဘ)ဦးမြင့်သိန်း ပိုင်ဆိုင်သည့် keypad ဖုန်းတစ်လုံး၊ အားသွင်းကြိုးတစ်စုံတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ထိုသို့ သိမ်းဆည်းရမိခဲ့သည့်အတွက် အကျဉ်းသား သူရအောင် (ဘ) ဦးမြင့်သိန်းအား အကျဉ်းထောင်အက်ဥပဒေပုဒ်မ-၄၂ ဖြင့် ဘားအံမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ကာ မြို့နယ်တရားရုံးမှ ပြစ်ဒဏ်ခြောက်လ ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် အမှတ်(၁)အိပ်ဆောင်မှ အကျဉ်းသားသုံးဦး၊ အမှတ်(၄)အိပ်ဆောင်မှ အကျဉ်းသား ၁၀ ဦး ဦးဆောင်သူ စုစုပေါင်း ၁၃ ဦးတို့ကို အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၈၁၈ အရ သီးခြားခွဲခြားထားရှိခြင်း၊ အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၈၃၈ အရ သာမန်လျှော့ရက်ဖြတ်တောက်ခြင်း၊ အကျဉ်းထောင်နည်းဥပဒေအပိုဒ် ၈၄၇ အရ အထူးလျှော့ရက်ဖြတ်တောက်ခြင်း၊ အကျဉ်းထောင် နည်းဥပဒေအပိုဒ် ၈၄၂ အရ တစ်နှစ်ပတ်လုံး စည်းကမ်းကောင်းမွန်စွာနေထိုင်သည့် ဆုမှတ် ၁၅ ရက် ဖြတ်တောက်ခြင်း စသည့် ပြစ်ဒဏ်များကို အကျဉ်းထောင်နည်းဥပဒေနှင့်အညီ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ပြီး မည်သည့် အကျဉ်းသားတစ်ဦးတစ်ယောက်ကိုမျှ ရိုက်နှက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ဘားအံအကျဉ်းထောင်တွင် အကြမ်းဖက်-၅၂(က) အရ ထောင်ဒဏ် ခုနစ်နှစ် ကျခံလျက်ရှိသည့် အကျဉ်းသား ဉာဏ်မင်းထွန်း(ဘ)ဦးသန်းထွန်းသည် အကျဉ်းထောင်အတွင်း၌နေထိုင်စဉ် နှလုံးသွေးကြောကျဉ်း၊ အဆုတ်ပိုးဝင်ခြင်း၊ ဝမ်းပျက်ခြင်း၊ နှလုံးကြွက်သားအားနည်းခြင်း ရောဂါဝေဒနာများ ခံစားခဲ့ရသဖြင့် အကျဉ်းထောင်ဆရာဝန်က လိုအပ်သော ဆေးဝါးများဖြင့် ဆေးဝါးကုသပေးခဲ့သည်။

ယင်းအကျဉ်းသားသည် ပြင်ပတွင်နေထိုင်စဉ်ကပင် နှလုံးသွေးကြောကျဉ်းရောဂါကို ကာလကြာရှည်စွာခံစားနေသူ၊ အဝလွန်ကဲသူဖြစ်သည့်အတွက် အကျဉ်းထောင်သို့ရောက်ရှိချိန်တွင် အကျဉ်းထောင်ဆေးခန်း၌ အမြဲတစေဆေးဝါးကုသမှုခံယူနေရသူတစ်ဦးဖြစ်ပြီး ဇူလိုင် ၁၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အသက်ရှူကျပ်ခြင်း၊ မောခြင်းတို့ကြောင့် ဘားအံပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသခဲ့ပြီး ဘားအံပြည်သူ့ဆေးရုံကြီး၊ တာဝန်ခံဆရာဝန်က ဆေးဝါးကုသမှုပေးခဲ့သော်လည်း နှလုံးအတွင်း သွေးခဲများပိတ်သည့် ရောဂါဝေဒနာဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် Mizzima News in Burmese အမည်ခံ Facebook Page က ဖော်ပြထားသကဲ့သို့ အကျဉ်းသားများ ကျဉ်းကြပ်စွာ နေထိုင်ရသည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိဘဲ ပြီးခဲ့သည့်ဖေဖော်ဝါရီ ၂ ရက်က အကျဉ်းထောင်၏ အရှေ့ဘက် ပင်မအုတ်ရိုးပြိုကျမှုကြောင့် ပြန်လည်ပြုပြင်နေစဉ် အုတ်ရိုးနှင့်ကပ်လျက်ရှိသော အမှတ်(၄) အိပ်ဆောင်ရှိ အကျဉ်းသားများကို အမှတ်(၅)အိပ်ဆောင်သို့ ခေတ္တပြောင်းရွှေ့ခဲ့ခြင်းသာဖြစ်ကြောင်း သိရသည်။

ဇွန်လတွင် ပြန်လည် ပြုပြင်ပြီးဖြစ်သည့်အတွက် မူလထားရှိသည့် အိပ်ဆောင်များအတိုင်း ပြန်လည်ထားရှိပြီးဖြစ်သည့်အတွက် Media အမည်ခံ Facebook Page များ၏ဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်(၂၀) ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၁

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်(၂၀) ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နေ မ-----၊ ၂၀ နှစ်၊ မ-----၊ ၁၈ နှစ်နှင့်၊ မ-----၊ ၁၆ နှစ်တို့ကို ၎င်းတို့ ကျိုင်းတုံမြို့ရှိ Bar များတွင် အလုပ်လုပ်ခဲ့စဉ်က ခင်မင်ခဲ့သည့် ကျိုင်းတုံမြို့နယ် နောင်ကုန်းအုပ်စုနေ ကဗျာမေ(ခ)နာသဲနဲ ၁၆/၂၀၂၅ နှစ်က မိုင်းယောင်းမြို့တွင် ကုမ္ပဏီသူဌေး တရုတ်နိုင်ငံသားများက ကောင်မလေးခေါ်နေကြောင်း၊တရုတ်နိုင်ငံသားများနှင့် ပေါင်းသင်းနေထိုင်ပါက တစ်လလျှင်ယွမ် ၁၅၀၀၀/ ၂၀၀၀၀ ခန့်ရမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုသဖြင့် သဘောတူခဲ့ကြောင်း၊ ၎င်းတို့သုံးဦးကို ကဗျာမေ(ခ)နာသဲနဲနှင့် ခင်ပွန်း အားဘာတို့က မိုင်းပေါက်မြို့နေ ဂျော်နီ (ခ)ဂျော်လီ၊ ၁၇/၂၀၂၅ နှစ်ထံ ပို့ဆောင်ခဲ့ကြောင်း၊ ဂျော်နီ(ခ)ဂျော်လီက အထူးဒေသ(၂) မိုင်းပေါက်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တရုတ်မယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ကျိုင်းတုံမြို့မရဲစခန်း(ပ) ၄၂/၂၀၂၅နှင့် (ပ) ၄၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ၃၈(က)/၄၄တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက်တွင် ကလေးသူငယ်တရားခံ ကဗျာမေ (ခ)နာသဲနဲနှင့် ဂျော်နီ(ခ)ဂျော်လီ တို့နှစ်ဦးကို ကျိုင်းတုံမြို့နယ် တရားရုံးမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ ၈၈(ဂ)အရ အမှုတစ်မှုချင်းစီအတွက် အလုပ်မဲ့ထောင်ဒဏ် သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံအားဘာကို ကျိုင်းတုံခရိုင်တရားရုံးမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈ (က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်နေ မ-----၊ ၂၀/၂၀၂၅ နှစ်သည် ဗန္ဓုလပန်းခြံသို့ သွားရောက်လည်ပတ်ရာ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်နေ မခင်လှရီ(ခ)မရှည်က လာရောက်မိတ်ဆက်ပြီး တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ပါက ငွေကျပ် သိန်း ၅၀ ရမည်၊ စရိတ်ကုန်ကျခံ၍ ပို့ဆောင်ပေးမည်ဟုစည်းရုံးပြောဆို၍ မြောက်ဥက္ကလာပမြို့နယ်ရှိ တည်းခိုခန်းတစ်ခုတွင် နေထိုင်စေခဲ့ကြောင်း၊ လေးရက်ခန့်အကြာ လှိုင်သာယာမြို့နယ် ရွှေဥက္ကံရပ်ကွက်နေ မသဲအိကျော်(ခ)သဲသဲက တစ်ရပ်ကွက်တည်းနေ မ-----၊ ၁၇ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ရန် စည်းရုံးပြောဆိုပြီး တည်းခိုခန်းသို့ လာရောက်ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးကို မခင်လှရီ (ခ)မရှည်က တရုတ်နိုင်ငံသို့ပို့ဆောင်ရန် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ) ၈၈/ ၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် အောင်မြေသာစံခရိုင် တရားရုံးမှ တရားခံ မခင်လှရီ(ခ)မရှည်နှင့် မသဲအိကျော်(ခ) သဲသဲတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Naing Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ နိုင်ဝင်း(ခ)ဘော်နီအာမိန်းအား ညနေ ၅ နာရီ မိနစ် ၅၀ တွင် သန်လျင်မြို့မရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတကာ အားကစား သတင်းများ

## မော်ဂန်ရော်ဂျာစ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၈၀ အဖြစ် အက်စတွန်ဗီလာအသင်းသတ်မှတ်



**လန်ဒန် စက်တင်ဘာ ၂၁**

အက်စ်တွန်ဗီလာအသင်းသည် အသင်းကွင်းလယ်တိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာစ်၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၈၀အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်တိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲ ကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အက်စတွန်ဗီလာအသင်းကလည်း မော်ဂန်ရော်ဂျာစ်အတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း မော်ဂန်ရော်ဂျာစ်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ယာပုံ) (NGB)**

## ဗလာဟိုဗစ် ဂျူဗင်တပ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**တူရင် စက်တင်ဘာ ၂၁**

တိုက်စစ်မှူး ဗလာဟိုဗစ် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် စာချုပ်သက်တမ်းထပ်မံတိုးမည် မဟုတ်ဘဲ အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် စပိန်လာလီဂါကလပ်အသင်းများဖြစ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၀ကစားပြီး ၆၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပိန်လာလီဂါကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့အနေဖြင့် ဂျူဗင်တပ်အသင်းမှ ထွက်ခွာမည်ဖြစ်သော ဗလာဟိုဗစ်အား မည်သည့်အသင်းက လက်ဦးမှု ရရှိအောင် ခေါ်ယူနိုင်မည်လည်းဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**




## ဘရူနိုဖာနန်ဒက်စ် မန်ယူအသင်းကစားသမားဘဝ သွင်းဂိုး ၁၀၀ပြည့်မြောက်



**မန်ချက်စတာ စက်တင်ဘာ ၂၁**

မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် အသင်းကစားသမားဘဝ သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၆ပွဲကစားကာ သွင်းဂိုး ၁၀၀ထိ သွင်းယူထားသည်။ **(အပေါ်ဝဲပုံ)**

အသက် ၃၁ နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်စ်က "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(NGB)**

## စထရန်းလာဆင် ဝုဖ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၂၁**

ဝုဖ်အသင်းသည် အသင်းတိုက်စစ်မှူး စထရန်းလာဆင်အား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁ပွဲ ကစားပြီး ၁၆ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက် ၂၅ နှစ်အရွယ်ရှိ စထရန်းလာဆင်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ယာပုံ) (NGB)**

## မာဆေးဆိုက်ဒ်ဒါဘီတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် ဂရာဗန်ဘာ့ချ် မှတ်တမ်းဝင်

**လန်ဒန် စက်တင်ဘာ ၂၁**

လီဗာပူးအသင်း ကွင်းလယ်ကစားသမား ဂရာဗန်ဘာ့ချ် (အသက် ၂၃နှစ်နှင့် ၁၂၇ရက်) သည် မာဆေးဆိုက်ဒ်ဒါဘီတွင် အသင်းအတွက် သွင်းဂိုးနှင့် ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက အဲဗာတန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် မာဆေးဆိုက်ဒ်ဒါဘီတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။



ကွင်းလယ်ကစားသမား ဂရာဗန်ဘာ့ချ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၂ပွဲကစားပြီး ခြောက်ဂိုးသွင်းယူထားသည်။

ဂရာဗန်ဘာ့ချ်က "ကျွန်တော် နောက်ထပ်လာမည့်ပွဲစဉ်တွေမှာလည်း ယခုလိုနိုင်ပွဲတွေ ဆက်လက်ရယူသွားဦးမှာပါ။ ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆုကိုလည်း အသင်းနှင့်အတူ သိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**



## 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Oliynykova တက်ရောက်

**တူရင် စက်တင်ဘာ ၂၁**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ယူကရိန်းတင်းနစ်မယ် Oliynykova တက်ရောက်ခဲ့သည်။

အဆိုပါ ယူကရိန်းတင်းနစ်မယ် Oliynykova သည် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင် အီတလီတင်းနစ်မယ် Silvia Ambrosio အား ၆-၂၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ယူကရိန်းတင်းနစ်မယ် Oliynykova နှင့် အိမ်ရှင် အီတလီတင်းနစ်မယ် Nuria brancaccio တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

## မေဂျာလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ဂိုး ၇၀အမြန်ဆုံးပြည့်သည့်ကစားသမားအဖြစ် မက်ဆီမှတ်တမ်းဝင်

**လန်ဒန် စက်တင်ဘာ ၂၁**

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုးနှင့် ဂိုးဖန်တီးမှု ဂိုး ၇၀ အမြန်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းက ဒီစီယူနိုက်တက်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၅ခုနှစ်အတွင်း ပြိုင်ပွဲ ၃၇ပွဲ ကစားကာ ဂိုး ၃၀ထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။



အင်တာမိုင်ယာမီအသင်းသည် မေဂျာလိဂ်ပြိုင်ပွဲ ၂၈ပွဲ ကစားအပြီးတွင် ရမှတ် ၅၂မှတ်ဖြင့် အဆင့်(၅)နေရာတွင် ရပ်တည်ခဲ့သည်။

**(NGB)**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊ ၂၊ ၃ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၉-၂၀၂၅ နံနက် ဝ၁း၁၅နာရီ | (၁) နာပိုလီ - ပီဆာ(၁၈) (W,W,W) (D,L,L) | နာပိုလီ ၃-၁ ပီဆာ (၁၉-၀-၂၀၀၇ ကိုပါအီတာလီယာဖလား) | နာပိုလီ(အိမ်) | ၁ | ၁ | - | - | ၁ | - |
| | | | ပီဆာ(ဝေး) | ၁ | - | ၁ | - | ၁ | ၁ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၃-၉-၂၀၂၅ နံနက် ဝ၁း၃၀နာရီ | (၁၃) မီလ်ဝေါလ် - ဝက်စ်ဗ်ရွမ်(၁၇) (W,L,W,L,D) (L,W,D,D,L) | မီလ်ဝေါလ် ၂-၃ ဝက်စ်ဗ်ရွမ် / ဝက်စ်ဗ်ရွမ် ၁-၂ မီလ်ဝေါလ် | မီလ်ဝေါလ်(အိမ်) | ၂ | - | - | ၂ | - | ၅ |
| | | | ဝက်စ်ဗ်ရွမ်(ဝေး) | ၂ | - | ၁ | ၁ | ၁ | ၂ |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၂-၉-၂၀၂၅ တနင်္လာနေ့ | ညနေ ၄း၀၀နာရီ | (၉) မဟာ - ရခိုင် (၁၂) (-,L,D) (L,L,L) | မဟာ ၅-၁ ရခိုင် / ရခိုင် ၁-၄ မဟာ |



# မကွေးတိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မကွေး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီ က တိုင်းဒေသကြီးလူမှုဝန်ထမ်း ရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပ ခဲ့သည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မကွေးတိုင်း ဒေသကြီး သက်ကြီးရွယ်အိုများ ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး သက်ကြီး ရွယ်အိုများဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ မကွေးတိုင်းဒေသ ကြီး လူမှုဝန်ထမ်းရုံး၊ တိုင်းဒေသ ကြီး ဦးစီးမှူးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသည့် တိုင်းဒေသ ကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များက အပြန်အလှန် ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသ ကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ တိုင်း ဒေသကြီး လူမှုဝန်ထမ်းရုံး၊ တိုင်း ဒေသကြီးဦးစီးမှူးက ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များအား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက် လာကြသော ကော်မတီအဖွဲ့ဝင် များက ၂၀၂၅ ခုနှစ် အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပ နိုင်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*

# ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ၂၀၂၅ အခမ်းအနား ပြုလုပ်

**အမရပူရ စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် အိုးတော်ရပ်အိုး တော်အခြေခံပညာမူလတန်းလွန် ကျောင်း၌ မြန်မာနိုင်ငံကြက်ခြေ နီအသင်း၊ အမရပူရမြို့နယ် ကြက်ခြေနီအသင်းခွဲမှ စက်တင် ဘာ ၁၄ ရက်တွင် ကျရောက်ခဲ့ သည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ (၂၀၂၅)အခမ်းအနားကို စက် တင်ဘာ ၂၀ရက် နံနက် ၉နာရီက ကျင်းပခဲ့သည်။

အခမ်းအနားကို အိုးတော် အခြေခံပညာမူလတန်းလွန်ကျောင်း မှ Great -8 ကျောင်းသား၊ ကျောင်းသူလေးများက သမိုင်း တစ်ခေတ်ရဲ့ကြက်ခြေနီ သီချင်း ဖြင့်ဖွင့်လှစ်ပေးခဲ့သည်။ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက် ခြေနီအသင်းအတွင်းရေးမှူး ဦးကျော် ကျော်က မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥက္ကဋ္ဌမှပေးပို့သောသဝဏ် လွှာကို ဖတ်ကြားခဲ့သည်။ ဆက် လက်၍ အိုးတော်ကျောင်းသား၊ ကျောင်းသူလေးများက စွမ်းရည် ပြသခဲ့ကြပြီး ငလျင်သရုပ်ပြမှု လက်တွေ့သူနာပြုစွမ်းရည်ကို ပြသခဲ့ကြသည်။

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားတွင် အမရပူရမြို့နယ် ကြက်ခြေနီအသင်းခွဲမှ အိုးတော် အခြေခံပညာမူလတန်းလွန်ကျောင်း၊ ဆီမီးထွန်းအခြေခံပညာအလယ် တန်းကျောင်း၊ ဆောက်တောဝ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နှင့် ရွှေကြက်ယက်အခြေခံ ပညာအထက်တန်းကျောင်းများ အတွက် ကြက်ခြေနီသင်တန်း တက်ရောက်ခဲ့ကြသော ကျောင်း သား၊ ကျောင်းသူများအတွက် BFA သင်တန်းဆင်းလက်မှတ် နှင့် သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများ ကျောင်းအတွက် အသုံးပြုနိုင်ရန်အတွက် ဆေး အိတ်၊ Life Straw ရေသန့်စက် ၂လုံးတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ထို့နောက် ကြက်ခြေနီအသင်းတွင် စွမ်းစွမ်း တမံဆောင်ရွက်ခဲ့သူများကို ဆေး အိတ်များပေးအပ်ခဲ့ကြောင်း အမရပူရ ကြက်ခြေနီအသင်းခွဲ ထံမှ သိရသည်။

(အောက်ပုံ)

**စိုးသီဟ(အမရ)**



# လယ်ယာကန်သင်းနေရာများ၌ ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**ကျောက်ဆည် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူအချို့သည် စားဝတ် နေရေး အထောက်အပံ့ရရှိစေရန် အတွက် မိမိတို့လယ်ယာမြေများ ၏ ကန်သင်းနေရာများ၌ ဟင်းသီး ဟင်းရွက်အပင်များ စိုက်ပျိုးထား ရှိကြောင်းသိရှိရပြီး သင်ပုံကျေးရွာ မှ တောင်သူ ဦးပေါသိန်းသည် ၄င်းစိုက်ပျိုးထားသော ဟင်းသီး ဟင်းရွက်ပင်များမှ နေ့စဉ်ခူးဆွတ် ချက်ပြုတ်စားသောက်နေရသည့် အပြင် ပိုလျှံဟင်းရွက်များအား ရောင်းချရသဖြင့် မိသားစုအပိုဝင် ငွေ ရရှိနေသည်။

တောင်သူလုပ်ငန်းလုပ်ကိုင် သည့်အခါ လုပ်သားရှားပါးမှု အခက်အခဲကြောင့် ယာမြေအချို့ တွင် ၄က်ပျော၊ သရက်သီးနှံများ စိုက်ပျိုးထားပြီး လယ်ကန်သင်း ပေါ်တွင် ဟင်းသီးဟင်းရွက်အပင် များဖြစ်သည့် ဒန့်သလွန်၊ ဆူးပုတ်၊ ပြည်ပန်းညိုအပင်များ စိုက်ပျိုး ထားကြောင်း၊ မိုးတွင်းကာလ ရောက်သည့်အခါ အညွန့်များ ထွက်ရှိသောကြောင့် နေ့စဉ် ခူး ဆွတ် ချက်ပြုတ်စားသောက် ရ သည့်အတွက် ဟင်းချက်ရာ၌ ငွေကုန်သက်သာပြီး ပိုနေသည့် ဟင်းရွက်များအား ကျေးရွာ အတွင်း လှည့်လည်ရောင်းချခြင်း ဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း ၄င်းက ပြောပြသည်။

ကန်သင်းပေါ်တွင် စိုက်ပျိုး ထားသည့်အတွက် ပိုးမွှားကျ ရောက်မှုမရှိကြောင်းနှင့် သွင်းအားစု များလည်း ငွေကုန်ကျခံ၍ ထည့် သွင်းရန်မလိုကြောင်း၊ နှစ်ရှည်ပင် များဖြစ်သည့်အတွက် ကိုင်းဖျား၊ ကိုင်းနားများ ခုတ်ပေးခြင်းဖြင့် အညွန့်များနေ့စဉ်ခူးဆွတ်ရသည့် အတွက် အပိုဝင်ငွေများရရှိပြီး အခြားတောင်သူများလည်း စိုက်ပျိုး သင့်ကြောင်း ၄င်းက ထပ်လောင်း ပြောပြသည်။

(၄၈၅)

*-*-*-*-*

# မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးသီးနှံစုံ ၆၃၉၆၉၂ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်အတွင်း စိုက်ပျိုး ရေးကဏ္ဍတိုးတက်ရေးနှင့်လျာ ထားချက်ပြည့်မီကျော်လွန်ရေး အတွက် အဓိကသီးနှံမျိုးစုံကို ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တွင် ၆၁၄၅၀၅ ဧက လျာထား စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်အထိ ၆၃၉၆၉၂ ဧက စိုက်ပျိုးပြီးစီး နေပြီဖြစ်ကြောင်းနှင့် စိုက်ပျိုး ပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် ၁၀၄ ဒသမ ၁၀ ရာခိုင်နှုန်းရှိကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေး ဦးစီး ဌာနမှ သိရသည်။

ကန့်ဘလူခရိုင်အတွင်း စိုက်ပျိုးသောအဓိကသီးနှံများ ဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်း ငုံ၊ ဝါ၊ ကြံနှင့် အစေ့ထုတ် ပြောင်းတို့အပြင် နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံများ စုံလင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အဓိကသီးနှံများအနက် စပါး ၁၈၁၅၄၉ ဧက၊ ပဲသီးနှံစုစုပေါင်း ၂၃၂၀၆၁ ဧက၊ ဆီထွက်သီးနှံ ပေါင်း ၅၉၈၃၄ ဧက၊ ကြံသီးနှံ ၃၂၇ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ အခြားသီးနှံပေါင်း ၁၂၇၉၉၃ ဧကနှင့် နှစ်ရှည်ပင်ပေါင်း ၃၇၈၆၀ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ခရိုင်အတွင်းရှိ ဒေသခံ တောင်သူများသည် ရာသီအလိုက် သီးနှံစုံတို့ကိုစီးပွားဖြစ် စိုက်ပျိုး ထုတ်လုပ်လျက်ရှိပြီး တောင်သူ များအနေဖြင့် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ ဒေသ တွင်း မျိုးကောင်းမျိုးသန့် မျိုးစေ့ ပွားများစေရေး၊ နည်းပညာပေး သင်တန်းများဖွင့်လှစ်သင်ကြား ပေးခြင်း၊ သီးနှံစုံအထွက်နှုန်း တိုးတက်ရေးနည်းပညာများ၊ EM ဖျော်ရည်၏အကျိုးကျေးဇူး၊ အသုံးပြုပုံ၊ တောင်သူများကိုယ် တိုင်ပြုလုပ်သုံးစွဲနိုင်သည့် သဘာဝ ပိုးသတ်ဆေး၊ အပင်အားဆေးပြု လုပ်နည်းများကို သင်တန်းများ၊ ဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများ ဆောင်ရွက်၍ သက်ဆိုင်ရာ မြို့နယ်များအလိုက် အသိပညာ ပေးလျက်ရှိကြောင်း ခရိုင်စိုက်ပျိုး ရေးဦးစီးမှူးက ပြောသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့ နယ်တို့၌ သီးနှံစိုက်စွမ်းအား မြင့်မားရေးအတွက် သီးထပ်၊ သီးညှပ်တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံ ထုတ်လုပ်မှုမြင့်မားရေးအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေရေး အတွက် ဆီထွက်သီးနှံစိုက်ပျိုး မှုကို အားထားမြှင့်တင်ပြီး ဒေသ တွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျွဲ၊ နွား၊ ဆိတ်တိရစ္ဆာန်များကာကွယ်ဆေးထိုးနှံခြင်း ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့သည့် ခေတ်မီစံပြကျေးရွာထူထောင် ရေးစီမံကိန်း (Smart Village) နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် ညောင်ပင် ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင် ကျေးရွာ၊စဉ့်ကိုင်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျွဲ၊ နွား၊ ဆိတ်တိရစ္ဆာန်များအား ပေါင်ပုတ်လက်ပုတ် ကာကွယ် ဆေးထိုးနှံခြင်းကို စက်တင်ဘာ ၁၈ရက်က အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

စဉ့်ကိုင်မြို့နယ်၊ ညောင်ပင် ကြီးကျေးရွာသည် စဉ့်ကိုင်မြို့နှင့် ငါးမိုင်အကွာတွင်တည်ရှိပြီး အိမ် ခြေ ၁၅၃ အိမ်၊ လူဦးရေ ၇၀၈ ရှိပြီး စဉ့်ကိုင်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ခေတ်မီစံပြကျေးရွာထူထောင် ရေးစီမံကိန်း (Smart Village) နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF) စီမံကိန်းများဆောင်ရွက် ပေးခဲ့ပြီး အဆိုပါကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)အစုအဖွဲ့ဖြင့် နွားမွေးမြူ ရေးလုပ်ငန်း သုံးဖွဲ့၊ ဆိတ်မွေးမြူ ရေး တစ်ဖွဲ့တို့၏ မွေးမြူရေး လုပ်ငန်းများအောင်မြင်စွာအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိ ကြောင်း စဉ့်ကိုင်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိ အောင်က ပြောသည်။



(ဝဲပုံ)

**အောင်ရဲကျော်**

# ပညာရောင်ခြည်စာကြည့်တိုက်အဆောက်အအုံအသစ်ဖွင့်ပွဲ ကျင်းပ



**ပြင်ဦးလွင် စက်တင်ဘာ ၂၁**

ကျေးလက်နေ ပြည်သူများ စာဖတ်ကြစေရန်၊ စာပေဗဟုသုတနှင့် ပြည့်စုံလာစေရန်၊စာကြည့်တိုက်ကို အသုံးချတတ်လာစေရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာတွင် ပညာရောင်ခြည်စာကြည့်တိုက်အဆောက်အအုံအသစ်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပညာရောင်ခြည်စာကြည့်တိုက် အဆောက်အအုံ အသစ်ကို ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦး၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ ပြင်ဦးလွင်မြို့နယ် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးအောင်မြင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရောင်ခြည် စာကြည့်တိုက် အဆောက်အအုံအသစ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပညာရောင်ခြည် စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ရာ စာကြည့်တိုက်မှူးမှ လက်ခံရယူပြီး စာကြည့်တိုက်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တာဝန်ရှိသူများ၊ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀ ဦးခန့် တက်ရောက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ခရိုင်(ပြန်/ဆက်)



# မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်

**တမူး စက်တင်ဘာ ၂၁**

တမူးမြို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တမူးခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကိုက မိမိတို့ ခရိုင်အတွင်း မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး၊ လျာထားမဲရုံများအလိုက် မဲစာရင်းများ ပြုစုနိုင်ရေး၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေးလုပ်ငန်းစဉ်များ၌ မိမိတို့အနေဖြင့် လိုအပ်သည်များ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ သေချာစွာလိုက်နာ မှတ်သားပြီး သိရှိတတ်ကျွမ်းကာရွေးကောက်ပွဲကာလတွင် အဆိုပါမဲပေးစက်များအား လက်တွေ့အသုံးပြုရာ၌ အခက်အခဲမရှိ အမှားကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တမူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးထွန်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး သင်တန်းကာလအား မဲပေးစက်ကိုင်တွယ်အသုံးပြုပုံ၊ ထိန်းသိမ်းနည်းများကို သင်တန်းသား၊ သင်တန်းသူ ၂၀၈ ဦးတို့အား ကျွမ်းကျင်သည်အထိ နှစ်ရက်ကြာသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ညောင်ဦး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီကစတင်၍ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီသည် ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကန်တော့ပလ္လင်ဘုရားကြီး ရင်ပြင်တော်ရှိ ဆုကြီးပန်အောင်တော်မူဘုရားအနီး ကန်တော့ပလ္လင်ဘုရားကြီးဆိုင်ရာ အချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် (Pagoda Digital DirectoryPDD)စက်နှင့် စက်ခန်းဆောင်ထားရှိမှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်း ဌာနဆိုင်ရာရုံးများ၊ ဂေါပကအဖွဲ့ရှိ ဘုရား၊ စေတီများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း စိုက်ပျိုးရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၌ တစ်ပေခွဲအမြင့်ရှိ ဒေသမျိုးရင်းမန်ကျည်းပျိုးပင် တစ်သောင်းဖြန့်ဝေပေးရန် စုဆောင်းထားရှိသည့် ပျိုးခြံအား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် အဆိုပါပြတိုက်နှင့် ယွန်းပညာကောလိပ်အတွင်း ပုဂံဒေသထွက် ကုန်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး စီစဉ်နေရာချထားမည့် ဆိုင်ခန်းနေရာများ ကြည့်ရှုစစ်ဆေးသည်။ဆက်လက်၍ ညောင်ဦးမြို့၊ ကျန်စစ်သားလမ်း (ရွှေစည်းခုံဖြတ်လမ်း)သခ်ါရလမ်းဆုံ၊ အလိုတော်ပြည့်ဘုန်းကြီးကျောင်းအနီး နိုင်လွန်ကတ္တရာခင်းခြင်းနှင့် ကတ်တုံးပြုလုပ်ခြင်းလုပ်ငန်းနှင့် ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ငှက်ပစ်တောင်ရေစက်ရုံတွင် ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း(60 HP)45 KW Solar Pannel(160) ချပ် တပ်ဆင်ခြင်းလုပ်ငန်းတို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ညောင်ဦးလေဆိပ်လမ်းဆုံမှ ပုဂံမြို့သစ်အဝင်လမ်း (လမ်းဟောင်း) ၀ ကီလိုမီတာမှ ၀ ဒသမ ၆၀၆ ကီလိုမီတာအထိ (၀ ဒသမ ၆၀၆ ကီလိုမီတာ)အရှည်၊ (၅ ဒသမ ၅ မီတာ) အကျယ်အား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ညောင်ဦးမြို့ရှောင်လမ်းအား အခြေခံလွှာခင်းကြိတ်၍ (၇ ဒသမ ၃၁မီတာ)အကျယ် (၇၅ မီလီမီတာ) ထုကတ္တရာမျက်နှာပြင်လွှာခင်းခြင်းလုပ်ငန်းတို့အား ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းဦးစီးဌာနမှ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ မြေနဲလေးကျေးရွာအုပ်စု၊ မြေနဲလေးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ရေကျော်တစ်စင်းနှင့် Slab Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများအားလည်းကောင်း၊ ထနောင်းဝင်းကျေးရွာ စက်ရေတွင်း ဆိုလာတပ်ဆင်ခြင်း၊ မြေသား ရေကန်ရှုံ့စေးဖြည့်ပြုပြင်ခြင်းနှင့် 2" PVC ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတို့အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့အားလည်းကောင်း၊ စည်သာကျေးရွာအုပ်စု၊ စည်သာကျေးရွာအခြေခံပညာမူလွန်ကျောင်းတွင် (၆၀×၃၀)ပေ RCC တစ်ထပ်ကျောင်းဆောင်အသစ်အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် BRAVE WINGS Construction Co, Ltd မှ တာဝန်ယူဆောက်လုပ်နေမှု အခြေအနေတို့အား ကွင်းဆင်းစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့အား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)



# ချည်မျှင်ရှည်ဝါသီးနှံ ယခင်နှစ်ထက် ဧကပေါင်း ၂၀၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့

**စလင်း စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၌ ယခုနှစ် စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည် ဝါသီးနှံကို ဧကပေါင်း ၃၁၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး ယခင်နှစ်ထက် ဧကပေါင်း ၂၀၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်မှာတော့ ရွှေတောင် ၁၀၀ ဝါမျိုးသန့်စေ့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ မျိုးစားပေးစနစ်နဲ့ ထုတ်ယူပြီးတော့ ဝါစိုက်ဧကကို ခုနစ်ဧက ကျော် စိုက်ပျိုးထားပါတယ်။ ဒီနှစ်ရာသီဥတုက မိုးဦးနဲ့ မိုးလယ်မှာ အဆင်ပြေပြီးတော့ အခုမိုးနှောင်းပိုင်းမှာ မိုးရွာသွန်းမှု အနည်းငယ်နည်းနေသေးတယ်ဗျ။ မိုးအလီသင့်ရင်တော့ သီးနှံစိုက်တောင်သူတွေအတွက် ဒီနှစ်ဝါအထွက်နှုန်းက အရင်နှစ်ကထက် ပိုမိုရရှိမှာသေချာပါတယ်"ဟု စလင်းမြို့နယ် အင်ကြင်းပင်လှကျေးရွာအုပ်စုမှ ဝါသီးနှံစိုက်တောင်သူ ဦးငွေငြိမ်းက ရှင်းပြသည်။

စလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း ဝါစိုက်ဧရိယာ တိုးချဲ့စိုက်ပျိုးရေး၊ ဝါသီးနှံမျိုးသန့်ပွားရရှိရေး၊ ဝါမျိုးစေ့ထုတ်စိုက်ခင်းလုပ်ငန်းများနှင့်အတူ အရည်အသွေးကောင်း ဝါဂွမ်းများရရှိနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်ရရှိရေးစီမံကိန်းလုပ်ငန်းအသွင်ဖြင့် တောင်သူစိုက်ပျိုးနည်းပညာပေးခြင်းလုပ်ငန်းများအပြင် စိုက်ပျိုးမှုနှင့်ထွက်ရှိမှုအပေါ် စိုက်ဧကိန်းဂဏန်းစာရင်းများ မှန်ကန်မှုရှိစေရေး မြေပြင်စာရင်းစစ်တမ်းကောက်ယူမှုလုပ်ငန်းများကို စိုက်ပျိုးရေး ကွင်းဝန်ထမ်းများက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

စလင်းမြို့နယ်၌ စက်မှုကုန်ကြမ်းအဖြစ် ဝါသီးနှံအား ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုး ရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၂၉၀၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့အတူ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ချည်မျှင်ရှည်ဝါသီးနှံကို ဧကပေါင်း ၃၁၂၂၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ဧကပေါင်း ၂၁၄၇ ဧကအထိ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကာ ယခုလက်ရှိတွင် ဝါသီးနှံစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(၅၀၀)

*-*-*-*-*

ဝတ္ထုတိုကဏ္ဍ

# လေးစားထိုက်သူ ဝိုင်း၍ကူစို့

မင်းလပြည့်(ဟားခါး)



အလင်းရောင်ဖျော့ဖျော့က နံနက်ခင်း၏ အလှအပကို ကြည်နူးစေသည်။ နွေသစ်တစ်ရက်သို့ ရောက်တိုင်း အလုပ်များက လေမှုတ်ပူဖောင်းနှယ် တန်းစီနေသည်ကား 'ဖေးမကူညီ' ပရဟိတအသင်းလေးပင် ဖြစ်သည်။ ဖုန်းသံကြားလျှင်ထူးပြီဆိုတာ လူငယ်ခေါင်းဆောင် ကိုသူရိန် တပ်အပ်သိနေသည်။

'ကလင် ကလင် ကလင် ကလင်'

ဖုန်းသံကြားပေမယ့် ဖုန်းမကိုင်နိုင်တာ ကိုသူရိန်ပင်၊ နံနက် ၂နာရီခွဲတွင် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးအား အရေးပေါ်ဆေးရုံလိုက်ပို့ခဲ့ရသည်။လူနာကိုလိုက်မပို့လျှင် မိခင်ရောရင်သွေးပါ သေဆုံးသွားနိုင်သည်။ တစ်ခါတစ်ရံအရေးပေါ် သွေးလိုကကိုသူရိန်တို့ သွေးပါလှူပေးခဲ့ရတာ မရေတွက်နိုင်တော့။ လူတိုင်းလုပ်ဖို့ ခက်ခဲသည့် အများအကျိုးဆောင်လုပ်ငန်းကို မမောနိုင်မပန်းနိုင် စွဲစွဲမြဲမြဲလုပ်ခဲ့သည်မှာ ၁၀ နှစ်ပင်ပြည့်ခဲ့ပေပြီ။

'အကိုရေ၊ ဖျာပုံကလူနာတဲ့'

ဇနီးဖြစ်သူ နှင်းနှင်း အိမ်ဈေးဆိုင်တစ်ဖက်၊ အဝတ်ချုပ်တာက တစ်မျိုးနှင့် နေ့စဉ်မအားသလို ကိုသူရိန်ကလည်း ဖုန်းပြင်၊ ဆံပင်ညှပ်ဖြင့် အိမ်စရိတ်ကိုကူညီပေးသည်။ သို့သော် အိမ်အလုပ်ထက် ပရဟိတ ပိုလုပ်ရသည်က များသည်။ ဖုန်းဆက်ပြောသူက ဖျာပုံမှလူနာရှင်၊ ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုပြီး ဖျာပုံပြန်ရန် လူနာတင်ယာဉ်အား အကူအညီတောင်းခံခြင်းဖြစ်သည်။ ဥက္ကဋ္ဌတာဝန်ယူထားသူ ဦးညီညီကို ဖုန်းဆက်ပြောလိုက်သည်။ မကြာမီ ဦးညီညီ၊ ဦးပုနှင့် လူငယ်ဖိုးဖူးတို့ ရောက်လာသည်။ အကူအညီတောင်းသော လူနာတို့၏ ရွာကိုရောက်တော့ ရွာသူ၊ ရွာသားများက ထွက်ကြည့်ကြသည်။ ကျေးဇူးတင်ကြောင်း လက်ဆွဲနှုတ်ဆက်ကြသည်။ ကိုသူရိန်တို့ ပီတိစကားအားရှိရသည်။

'ငွေဘယ်လောက်ပေးရမှာလဲ ခင်ဗျာ' လူနာရှင်က တောသူတောင်သား ဆင်းရဲနွမ်းပါးမှန်း အသားအရောင်၊ ကြုံလှီဖျော့တော့သော ခန္ဓာကိုကြည့်၍ သိနိုင်သည်။ ကိုသူရိန်တို့က ငွေကြေးအဓိကထားသူမဟုတ်။

'အဘ တတ်နိုင်သလောက်ပဲ ပေးပါ၊ ကျွန်တော်တို့ ကားပြန်ရင် ဆီဝယ်ထည့်ရမှာပါ၊ လိုရင်လည်း စိတ်မပူပါနဲ့ ကျွန်တော်တို့ ငွေနဲ့စိုက်ပြန်မှာပါ' 'ကျေးဇူးတင်ပါတယ်၊ ကလေးရယ်' လူနာရှင် အဘိုးအိုက အားနာနေသည်။

ကိုသူရိန်တို့ အပြန်တွင်လိုအပ်သော ငွေစိုက်ကာ ပြန်လာခဲ့သည်။ လူရယ်လို့ဖြစ်လာလျှင် ဒုက္ခများကြုံတွေ့ကြရစမြဲဖြစ်သည်။ သည်လူမှုဒုက္ခများ၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ဖို့ အသင်းဖွဲ့စည်းခဲ့ရသည်။ လစဉ် ပရဟိတအဖွဲ့ဝင်များက တတ်အားသမျှ ရန်ပုံငွေထည့်ကြသည်။ ဦးညီညီက ဆရာဝန်တစ်ဦးဖြစ်သည့်အပြင် ငွေကြေးတတ်နိုင်သူဖြစ်၍ အရေးပေါ်လူနာတင်ယာဉ်တစ်စီး ဝယ်ယူခဲ့သည်။ သည်ယာဉ်ဖြင့် လူနာပေါင်းများစွာ အသက်ကယ်နိုင်သော်လည်း သူဌေးကြီးဦးဘောဂလို ငွေကြေးချမ်းသာသူက သူတို့လူမှုရေးအသင်းကို အထင်လွဲမှားနေတာကလည်း ဝမ်းနည်းဖွယ်ရာဖြစ်သည်။ ကိုသူရိန်တို့ လူမှုရေးအသင်းက ရန်ကုန်မြို့၏ မြို့နယ်တစ်ခုတွင် အခြေစိုက်ပြီး ခရီးဝေးသော ဧရာဝတီတိုင်းရှိ နီးသောမြို့နယ်များမှ အကူအညီတောင်းခံလာလျှင် သွားရောက်ကူညီသော အလေ့အထလည်းရှိသည်။

ကိုသူရိန်တို့ပြန်လာသည်နှင့် ဦးညီညီနှင့် အဖွဲ့ဝင်လူငယ်များက နွေးထွေးစွာ တွေ့ဆုံကြသည်။

'ကိုသူရိန်တို့ ပင်ပန်းသွားပြီ'

'ရပါတယ် ဦးညီ ပရဟိတ လုပ်တယ်ဆိုတာ စီးပွားရေးလို အကျိုးအမြတ်မရှိပေမယ့် စိတ်ရှည်ရတယ်၊ အပင်ပန်းခံရတာပဲမဟုတ်လား၊ ကျန်းမာရေးကောင်းမှလုပ်နိုင်မှာ မဟုတ်လား' ကိုသူရိန်က သူ့အမြင်ကို ပြောပြသည်။ ဦးညီညီနှင့် ကိုသူရိန်တို့စကားပြောနေစဉ် ကားအနက်ကြီးတစ်စီးက အနားသို့ ကပ်ပြီး ရပ်လိုက်သည်။

'ဟော့ သူရိန်တို့ မင်းတို့ လူနာတင်ယာဉ်နဲ့ လမ်းပိတ်နေပြီ၊ အပိုအလုပ်တွေလုပ်မနေကြနဲ့ကွာ'

ကိုသူရိန်က ရှင်းပြမည်အလုပ် ဦးညီညီကတားသည်။ ကိုသူရိန် တွေးမိသည်။ လူဖြစ်လာလျှင် ကုသိုလ်လုပ်မှ လူဖြစ်ရတန်သည်။ အကုသိုလ်တို့သည် ဘဝ၏အညစ်အကြေးများဖြစ်သည်။ အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်ရမည့်အစား အကုသိုလ်တွေဝေ့နေသူများ ရှိနေသည်။ လောဘ၊ ဒေါသ၊ မောဟ၊ ဝိစိကိစ္ဆာဟူသော စိတ်အညစ်အကြေး ရှိနေသ၍ အကောင်းမမြင်နိုင်ပေ။ သဒ္ဓါတရားမဲ့သူကို သဒ္ဓါတရားရှိရန်ပြောလျှင် မကြားမနာလိုဖြစ်ပေမည်။ အကြားအမြင်မဲ့သူကို အကြားအမြင်ရှိရန်ပြောလျှင်၊ ပေးကမ်းစွန့်ကြဲမဲ့သူကို ပေးကမ်းစွန့်ကြဲရန်ပြောလျှင်၊ ပညာမဲ့သူကို ပညာရှိရန်ပြောလျှင်၊ သီလမဲ့သူကို သီလစောင့်ရန်ပြောလျှင် နှစ်သက်ကြမည်မဟုတ်ပေ။ ဦးဘောဂလိုမည်သူနှင့်မှ မသင့်မြတ်သူအား ရှင်းပြနေလျှင် အမုန်းပွားရန်သာ ရှိနိုင်ပေသည်။

'သူတစ်နေ့တော့ သိလာပါလိမ့်မယ်၊ အေးအေးဆေးဆေးနားတော့၊ ကိစ္စပေါ်လာရင် အလှည့်ကျလွှတ်လိုက်မယ်'။ ဦးညီညီကနားခိုင်းပြီး အိမ်ပြန်လာစဉ် မျက်နှာမသာမယာဖြစ်နေသော ကိုသူရိန်ကို နှင်းနှင်းသတိထားမိလိုက်သည်။

ကိုသူရိန် နေမကောင်းဖြစ်ပြီး အိမ်တွင်နားကာ နေပြန်ကောင်းလာလျှင် တာဝန်ထမ်းဆောင်ရန် အားအင်မွေးသည်။ ပရဟိတလုပ်ငန်းဆိုသည်မှာ သူ့စိတ်နှင့်ကိုယ့်ကိုယ် အများအကျိုးဆောင်ရွက်နေပေမယ့် တစ်ခါတစ်ရံတွင် ကဲလေသာ ထူပြောသောလူ့စရိုက်ကြောင့် အမုန်းခံရသည်လည်းရှိသည်။ သို့သော် အရာရာအလေးထားနေလျှင် ရှေ့သို့ရောက်တော့မည်မဟုတ်ပေ။ ကိုသူရိန်တို့ အတွေ့အကြုံရင့်ကျက်ပေမယ့်လည်း လူ့သဘာဝအရ စိတ်ဘဝင်မကျစရာများကတော့ လှိုင်းပုတ်ခံရသော ကျောက်တောင်နှယ် ကြံ့ကြံ့ခံရပေသည်။

ကိုသူရိန်က အသက် ၃၀ ကျော်သာရှိသော လူငယ်တစ်ဦးဖြစ်ပေမယ့် ရဲရင့်ဖျတ်လတ်ပြီး အသိပညာပြည့်စုံ၍ လူငယ်များက စံနမူနာထားကြသည်။ ကိုသူရိန်တို့ လူမှုရေးအသင်းအား စိတ်ပါဝင်စား၍ ဝင်ရောက်လာသူများလာသဖြင့် ကိုသူရိန်တစ်ယောက် ကျယ်ပြန့်စွာလုပ်နိုင်လာသည်။ သည်နေ့တွင်လည်း စေတနာ့ဝန်ထမ်းပါဝင်လိုသူများ၏ ကိုယ်ရေးရာဇဝင် သွေးအုပ်စုများ ရေးသွင်းနေသည်။ ဗဟိုလူမှုပရဟိတ အသင်းကိုလည်း အစီရင်ခံရန် ကွန်ပျူတာစာစီနေစဉ် အိမ်ရှေ့သို့ ကားအနက်ကြီးတစ်စီး ရောက်လာသည်။ ဦးဘောဂကားဖြစ်သည်။

'ဘာတွေ အရေးလာဆိုဦးမှာလဲ'

ကားပေါ်ကဆင်းလာတော့ ဦးဘောဂတစ်ယောက် ထိတ်ထိတ်ပျာပျာဆင်းလာသည်ကို တွေ့မိသည်။ သူရိန်ရေ ငါ့ကိုကူညီပါဦး၊ ငါ့အမေ အမောဖောက်သလိုဖြစ်နေလို့ ဆေးရုံကြီး အမြန်လိုက်ပို့ပေးပါ၊ ဖေးမပေးဖို့ လူငယ်တွေလိုတယ် ငါလည်း တစ်ယောက်တည်းရှိတယ်၊ အိမ်သားတွေ ဘုရားဖူးသွားနေကြလို့'

သည်တစ်ခါတွင်တော့ ဦးဘောဂ၏အသံမှာ ချိုသာပျော့ပျောင်းနေသည်။ မာနတွေနှင့်ချမ်းသာမှုများ အလံလွှင့်ပေမယ့် ကိုယ်နှင့်တိုက်ရိုက်ပတ်သက်လာသောအခါ ကိုယ်ချင်းစာတရားများ စတင်ဖြစ်တည်လာတာကို ကိုသူရိန် စဉ်းစားမိသည်။ ကိုသူရိန် ချိတ်ဆက်ပေါင်းစပ်ဆက်သွယ်သည်။

'ဦးညီ ကျွန်တော်လိုက်သွားမယ်၊ ဦးဘောဂ အမေက ၇၅ နှစ် ဆိုတော့ မိန်းကလေးပရဟိတသမား အေးအေးနဲ့ ထွေးထွေးကို ခေါ်သွားမယ်၊ ညစောင့်ကိုလည်း လိုအပ်ရင် အမျိုးသမီးငယ်တွေစောင့်ပေးနိုင်အောင် စီစဉ်ထားပေးပါ'

ကိုသူရိန်၏ ပေါင်းစပ်ပေးမှုကြောင့် လူနာဖြစ်သူ အဖွားဒေါ်ကြာညိုမှာ နေကောင်းကျန်းမာလာသည်။ လူငယ်များကလည်း မိဘသဖွယ် နွေးထွေးစွာ ဆက်ဆံ၍ အဖွားကြာညို ပျော်ရွှင်မိသည်။

'အဘွားသွေးလိုရင် သားတို့က လှူမှာနော်'

'အဘွား ဘာစားချင်လဲ၊ သမီးတို့ ဝယ်လာပေးမယ်နော်'

ဦးဘောဂတစ်ယောက် မိခင်အတွက် ဘာမှလိုလေသေးမရှိကူညီပေးသော 'ကိုသူရိန်'တို့၏ ဖေးမကူညီ လူမှုရေးအသင်းကို ထင်ထားသည်ထက်လေးစားအံ့သြမိနေသည်။ အရင်က ယူနီဖောင်းဝတ်ဟန်ရေးပြနေသူများဟု အပေါ်ယံထင်ခဲ့မိသည်။ စင်စစ်ကား ကိုယ်ရောစိတ်ပါ မိမိ၏အတ္တ အကျိုးကို ရှေ့တန်းမတင်ဘဲ စိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်နေသူကိုတွေ့ရသောအခါ ဦးဘောဂအမြင်များမှာ တိမ်စင်လနယ်ကြည်လင်လာသည်။ သူပြောမှားဆိုမှားဖြစ်တာကို ရှက်မိနေပေပြီ။

'အကိုရေ၊ အမေသက်သာလား၊ အမေမသက်သာရင် ချောင်းသာက ချက်ချင်းပြန်လာမှာနော်'

ဇနီးဖြစ်သူ ဒေါ်အေမီကျော်က ဖုန်းဆက်ပြောတော့ ဦးဘောဂ ပို၍ စိတ်ဆိုးသည်။

'အမေကျန်းမာရေးမကောင်းဘူး၊ မသွားပါနဲ့ဦး ပြောတာ အတင်းခရီးထွက်သွားတယ်၊ ပြောစကားနားမထောင်ဘူး၊ မင်းတို့မရှိလည်းဖြစ်တယ်၊ ငါ့ရပ်ကွက်က လူမှုကူညီရေးအသင်းနဲ့အဆင်ပြေနေပြီ၊ အမေလည်း ပြုံးပြုံးရွှင်ရွှင် နေကောင်းတယ်'

ဦးဘောဂက ပြောပြောဆိုဆို ဖုန်းချလိုက်တော့ ကိုသူရိန် မရယ်မိစေရန် စိတ်ထဲမျိုသိပ်ထားလိုက်သည်။ အရင်က အထင်သေးသော မျက်လုံးဖြင့်ကြည့်သည်ကို မမေ့သေး။စီးပွားရေးဇန်းပြသည်ဟု ထင်လိုက်သေးသည်။ စုပေါင်းထည့်ဝင်ငွေဖြင့် ဆင်းရဲနွမ်းပါးသူတို့ကို ဓားသွေးကျောက်ပမာ အပွန်းအပဲ့ခံ အနစ်နာခံတာကို ဦးဘောဂမသိခဲ့၊ ဦးပု ပြောပြမှ ကိုယ်ထူကိုယ်ထ လုပ်နေမှန်းသိသောအခါ ဦးဘောဂတစ်ယောက် ကူညီပံ့ပိုးပေးရန်နှင့် ပါဝင်ဆောင်ရွက်ရန် အတွေးများရလာသည်။ တကယ့်မေတ္တာစစ်က အနီးနားမဟုတ် အဝေးမှဖြစ်လာကြောင်းသိလာချိန်တွင် ဝန်ချတောင်းပန်ရန် စိတ်အားထက်သန်နေတော့သည်။

ဦးဘောဂ သိပ်ချစ်ရသောမိခင်အိုဒေါ်ကြာညိုကျန်းကျန်းမာမာပြုံးပြုံးရွှင်ရွှင် ဆေးရုံက ဆင်းလာတော့ ဦးဘောဂတစ်ယောက် သိန်းထီပေါက်သလို ပျော်ရွှင်မိသည်။ ပရဟိတ မိန်းကလေးငယ်များကလည်း မိခင်တစ်ဦးလို၊ အဘွားတစ်ဦးလို ယုယချစ်ခင်ကြသည်။ သည်လိုနွေးထွေးမှုများဆုံးရှုံးခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပေပြီ။

'ကဲလူစုံနေတော့ ဦးညီညီတို့ ကိုသူရိန်တို့ကိုတောင်းပန်ချင်ပါတယ်၊ အရင်က ကျွန်တော်အမြင်မှားခဲ့တာတွေကို မေ့ပစ်လိုက်ပြီး ကျွန်တော်လည်း ဖေးမကူညီလူမှုရေးအသင်းမှာ သွေးပဲဖြစ်ဖြစ်၊ ဆေးရုံ၊ ဆေးပေးခန်းပဲဖြစ်ဖြစ်၊ လူနာတင်ယာဉ်ပဲဖြစ်ဖြစ် ကျွန်တော် လှူပါ့မယ်၊ ကျွန်တော့်ကိုလည်း ဖေးမကူညီအသင်းသားတစ်ဦးအဖြစ် သည်နေ့ကစပြီး ဝင်ခွင့်ပြုပါလို့ မေတ္တာရပ်ခံအပ်ပါတယ်'

'သဘောတူတယ်၊ သဘောတူတယ်'

'ကဲ ဦးညီညီ စကားလေးတစ်ခွန်းလောက်ပြောပေးပါဦး'

'ဦးဘောဂကိုယ်တိုင် ပါဝင်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လူမှုကူညီရေးအသင်းက လူတွေရဲ့ ကျန်းမာရေးအတွက် လိုလေသေးမရှိအောင် တိုးပြီးကူညီစောင့်ရှောက်ပါမယ်လို့ ပြောချင်ပါတယ်'

ဦးညီညီပြောပြီး လက်ခုပ်သံများက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ကိုသူရိန်ပြောပါဦး' ဦးဘောဂက တောင်းဆိုသည်။

'ကျွန်တော်တို့ လူတွေကို ကူညီပေးမယ်ဆိုတဲ့ ပြင်းပြတဲ့နှလုံးသားတစ်စုံကြောင့် ရင်ဘတ်တူ ဝါသနာတူတွေပေါင်းဆုံပြီး မပြည့်မစုံတဲ့ကြားထဲက ရုန်းထလုပ်ခဲ့တာပါ၊ ဘာဂုဏ်ဒြပ်မှ မလိုချင်ပါဘူး။ ခုတော့ စေတနာမှန်တော့ မျိုးစေ့မှန် မြေသြဇာဆိုတဲ့ အထောက်အပံ့လည်း ရလာတော့ ဖေးမကူညီသစ်ပင်ကြီး ဝေစည်လာရပါပြီ၊ သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားခိုနိုင်သလို သည်ထက်ကျယ်ပြန့်တဲ့လုပ်ငန်းတွေနဲ့ ချို့တဲ့ပြီး ကျန်းမာရေးလိုအပ်ချက်ရှိသူတွေကို ကူညီဆောင်ရွက်သွားပါမယ်လို့ ကတိပြုပါတယ်'

ကိုသူရိန်ပြောအပြီး လက်ခုပ်သံများအကြားတွင် မျက်ရည်သုတ်ကာ ဝမ်းနည်းဝမ်းသာခံစားနေရသည့် မိခင်ဒေါ်ကြာညိုကို ဦးဘောဂနှင့် ဖေးမကူညီအဖွဲ့သားများက ဖျောင်းဖျပေးရန် အနားသို့ရောက်လာကြသည်။

# လူထုအခြေပြုပြတိုက် (Community Centre) ခန်းမ၌ စကားပုံဆက်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျိုင်းလပ် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Centre) ခန်းမ၌ စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စကားပုံဆက်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြည်သူ့စာကြည့်တိုက်ကို အကျိုးရှိစွာ အသုံးပြုတတ်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုထက်မြက်လာစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စကားပုံဆက်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ကျင်းပခဲ့ရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုလက်ဆောင်များ ပေးအပ်၍ ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အာဟာရဖြည့် မုန့်များ ပေးဝေခဲ့သည်။ ၎င်းနောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ခန္တီး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ဗလငါးတန်ဖွံ့ဖြိုးသည့်လူငယ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အခြေခံပညာ မူလတန်းလွန်ကျောင်း(ပေါမိုင်း)၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ခန္တီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က အသက်အရွယ်အပိုင်းအခြားအလိုက် ရွေးချယ်ဖတ်ရှုသင့်သည့် စာအုပ် အမျိုးအစားများအကြောင်းကိုလည်းကောင်း၊ စာအုပ်၊ စာပေ လေ့လာဖတ်ရှုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ ရုပ်သံကျွမ်းကျင်-၃(အင်အားပြ)အငယ်တန်းစာရေး ဦးအောင်လွင်ဦးက "လူငယ်နှင့်စာပေ"ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် သုတ၊ ရသစာအုပ်၊ စာစောင်များ၊ မူးယစ်ဆေးဝါးများ၏ ဆိုးကျိုးအန္တရာယ် အသိပညာပေး ပိုစတာများအား ခင်းကျင်းပြသရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား ကြည့်ရှုခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**






# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပသော အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show) တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနိုင်လင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး G-11 မှ မမေသံစဉ်ကျော်နှင့် မဖူးငုံကျော်၊ G-10 မှ မောင်ဇင်မျိုးထွန်းနှင့် မောင်ချမ်းပြည့်သူတို့က စာရေးဆရာ ဗန်းမော်တင်အောင်ရေးသားသော ငြေ စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

၎င်းနောက် တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားရှိသော လှပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ နံရံကပ်စာစောင်များ၊ စာအုပ်ပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## လွမ်းမွှင့် ၁၀၀ . . .

* အဆန်းအပြား
တခမ်းတနားမဟုတ်ပေမယ့်
ပျော်စရာတွေးပြီး
မျှော်ကာငေးမိခဲ့ကြတယ်ပေါ့...

* လေသာ
မြေသာ
နေသာရုံမှတစ်ပါး
စခန်းသင့်ခဲ့ပေမယ့်
ပန်းမပွင့်ခဲ့ကြပါဘူး ...

* ထနောင်းရိပ်
တမာရိပ်
စိန်ပန်းရိပ်နဲ့
ရေနီမြောင်းကလေးရဲ့ အတိတ်မှာ
အိပ်တန်းပြန်ငှက်ငယ်ဟာ
"ငါ"ဆိုတာ မသိခဲ့တာဘဲ...

* ရက်စွဲ သက္ကရာဇ်တွေလည်း
သစ္စာရှေ့မှာ အန်ကျ
ဟိုတစ်စ ဒီတစ်စပြန့်ကျဲ
ဒီလိုနဲ့ပဲ ဘဝတွေမရဲခဲ့ကြ...

* လသာရင်
ညကဗျာတွေ တွင်တွင်ဆိုပြီး
ဟိုဒီအတွေးတွေဝေဝါး
ဘဝဟာ
ပဉ္စလက်ဆန်သလားလို့ပါ...

* ကြာခဲ့လည်း
ဒါနဲ့ပဲ အချိန်ကုန်
မဆုံနိုင်တဲ့ လမ်းထက်မှာ
မေတ္တာမစွမ်းခဲ့သူလေ
ခုတော့လည်း
နှစ် ၁၀၀ အလွမ်းနဲ့ သံသရာရှည်...။ ။

**(မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အမှတ်တရ)**

ဥုး(မန္တလေး)



## ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၁**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်ကိုယ်စား ကထိကဆရာတော် ဘဒ္ဒန္တဥတ္တမက ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေး၊ နယူးစီဗွီလိုင်းရပ်၊ ၃၂လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြားနေ ဒေါ်ခင်မမတင်အား ရည်စူး၍ ဦးတင်အေး(အေးချမ်းသာ)မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၇၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၈၀ ကိုပေးအပ်လှူဒါန်းရာ ဥပဋ္ဌာက အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား တစ်ပါးချင်းစီ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(PNT)**

## မန္တလေး၊ ပန်ဆိုင်းကြူကုတ် လူမှုရေးအသင်း စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ကဦးစီး၍ မန္တလေး၊ ပန်ဆိုင်းကြူကုတ် လူမှုရေးအသင်း (၁၂) ကြိမ်မြောက်၏ ဒသမပတ် စုပေါင်း ဘုံဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၂၁ ရက် နံနက် ၆ နာရီက ကုသိုလ်ပြုလောင်းလှူကြသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် စကုတိုက်မှ သံဃာတော် အပါး ၁၅၀ နှင့် ချမ်းသာကြီး (တောင်)ကျောင်းတိုက်မှ သံဃာတော် အပါး ၁၀၀၊ စုစုပေါင်း အပါး ၂၅၀ တို့ကို ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် မန္တလေး၊ ပန်ဆိုင်းကြူကုတ် လူမှုရေးအသင်းက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝဇ၃)**





## မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၃၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် ဘုံဆွမ်းလောင်းလှူကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်နှင့် သာမဏေ အပါး ၂၀၀ ကျော်တို့အား ယနေ့ နံနက်ပိုင်းက (၁၃၃)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးကြင်းခြစ်ချက်၊ ချဉ်ပေါင်ကြော်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြသည်။ **(အပေါ်ပုံ)**

ဝန်ထမ်းမိသားစုများသည် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်နှင့် သာမဏေများ ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချပွဲနှင့် ဥပုသ်သီလတရားပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာ၏ အကြိမ်(၃၀)မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ရေစက်ချပွဲနှင့် ဥပုသ်သီလတရားပွဲကို ယနေ့ နံနက်က နန်းဦးလွင်ကျေးရွာဓမ္မာရုံတွင် ကျင်းပသည်။

နယုန်လကွယ်က ကျင်းပခဲ့သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နန်းဦးလွင်ကျေးရွာ လူမှုရေးအသင်းက ဦးစီးကျင်းပခဲ့ပြီး နန်းဦးလွင်၊ သရက်ကုန်း၊ ဘူးကုန်း ကျေးရွာများကပါ စုပေါင်းလောင်းလှူကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရန်ကင်းတောင်ခြေ ဥယျာဉ်စာသင်တိုက်မှ သံဃာတော်များ ကြွရောက်အလှူခံတော်မူကြသည်။ လှူဒါန်းရာတွင် ဆွမ်းဆန်တော် ၂၉၅ တင်း၊ ၁၄ ပြည်၊ ဆီ ၁၀၅ ပိဿာ၊ နဝကမ္မဝတ္ထုငွေ ၁၀၂ သိန်း ငါးသောင်း ငါးထောင်နှင့် အခြားဆပ်ပြာ၊ ခေါက်ဆွဲခြောက်စသည့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ ထိုလှူဒါန်းမှုအတွက် ရေစက်ချပွဲကို ယနေ့ နံနက်က ကျင်းပရာ ရန်ကင်းတောင်ခြေ ဥယျာဉ်ပရိယတ္တိစာသင်တိုက်နှင့် ဥယျာဉ်ပဋိပတ္တိဝိပဿနာတိုက်တို့၏ ပဓာနနာယက၊ အဘိဓမ္မတက္ကသိုလ် ဒုတိယပါမောက္ခ၊ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်ပါမောက္ခ၊ ပရိယတ္တိသဒ္ဓမ္မမာမကဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ သာသနဓဇောတယဓမ္မကထိက ရန်ကင်းစတားဒေါက်တာအရှင်ဉာဏိန္ဒာဘိဝံသက ရေစက်ချတရားချီးမြှင့်သည်။

ရေစက်ချပွဲနှင့် သီလပွဲသို့ ကျေးရွာလူမှုရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရွာသူ၊ ရွာသားများ တက်ရောက်ကြပြီး အနုမောဒနာ တရားနာယူ၍ အမျှအတမ်း ပေးဝေခဲ့ကြကြောင်း သိရသည်။

**(ဝ၄၁)**

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁)တပ်ဖွဲ့ခွဲမှူး ယာယီဒုရဲမှူးကြီး ဝင်းမြင့်အောင်ဦးဆောင်သော တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက် အမှတ်(၁) စစ်မြေပြင်ဆေးတပ်ရင်း၊ မန္တလေး၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ (ကဆ)





## အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောခြင်းနှင့် အားကစားပစ္စည်းထောက်ပံ့ လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ဇမ္ဗူသီရိ စက်တင်ဘာ ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၁၄၀) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောခြင်းနှင့် အားကစားပစ္စည်းထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် ဇမ္ဗူသီရိမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းမမဦးက ကျောင်းသား၊ ကျောင်းသူများအား အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအကြောင်း၊ တက်ရောက်နိုင်မည့် အသေးစိတ်အချက်အလက်များအား အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပြီး အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘေဘီမြင့်အား အားကစားပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ်ဘုရားပွဲကြီးကို ယခုနှစ် မကျင်းပဖြစ် သံဃာအပါး ၁၀၀၀ ကို ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းမည်

**မန္တလေး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ်ဘုရားပွဲကြီးကို ယခုနှစ်မကျင်းပဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဌေးက စက်တင်ဘာ ၁၅ ရက် နံနက်က အတည်ပြုပြောကြားသည်။

ဆုတောင်းပြည့်ဘုရားကြီး သီတင်းကျွတ်ဘုရားပွဲရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင် သံဃာအပါး ၁၀၀၀ ကို ဆွမ်း၊ ဆွမ်းဟင်းသပိတ်များ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

"ဆိုင်ခန်းတွေ ခင်းကျင်းရောင်းချကြတဲ့ ဘုရားပွဲတော်က မကျင်းပဖြစ်ပါဘူး။ ကိုဗစ်-၁၉ ဖြစ်ကတည်းက ပွဲလမ်းသဘင် အခင်းအကျင်းတွေ နားထားတာပါ။ ဆွမ်းသပိတ် ၁၀၀၀ ကိုတော့ သံဃာအပါး ၁၀၀၀ ကို သီတင်းကျွတ်လပြည့်ကျော် ၈ ရက်မှာ လောင်းလှူဖို့ စီစဉ်ထားပါတယ်" ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားပွဲတော်ကြီးကို ယခင် ၂၀၁၉ ခုနှစ် မတိုင်ခင်က သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ ၁၅ ရက်အထိ အနယ်နယ်အရပ်ရပ်မှ ၁၂ ပွဲဈေးဆိုင်များ၊ ကြည့်ချင်ပွဲများ၊ စားသောက်ဆိုင်များ၊ အညာကျေးလက်ထုတ်ကုန်များ စသည်တို့ဖြင့် စည်စည်ကားကားကျင်းပခဲ့ကြခြင်း ဖြစ်သည်။

ဘုရားပွဲရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်မှ ၉ ရက်အထိ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာ ဧည့်ပရိသတ်များဖြင့် နေ့ရောညပါ ကြိတ်ကြိတ်တိုးစည်ကားခဲ့သော ဂေဇက်ရဘုရားပွဲတော်ကြီး ဖြစ်ခဲ့ကြောင်း သိရသည်။

**(၃၉၄)**

# စာဖတ်ခြင်း၏ အကျိုး

ကျွန်တော်လေးတန်းအောင်ပြီး ကျောင်းတက်ခွင့်မရခဲ့၍ စာကောင်းကောင်းမတတ်ပါဘူး။ သေစာရှင်စာ ဖတ်နိုင်ရုံပါ။ သို့သော် စာကိုကောင်းကောင်းဖတ် ကောင်းကောင်းမှတ်ပါသည်။ ဘာအတွက် စာဖတ်ရတာလဲလို့ မေးလာခဲ့ရင် စာတတ်ချင်လို့ စာဖတ်တာပါဟု အရိုးခံအတိုင်းဖြေမှာပါ။ အလျှဉ်းသင့်၍ စာမတတ်ခဲ့ရသည့်အကြောင်း တစေ့တစောင်း ပြန်ပြောင်းဖော်ပြပါရစေ။

ကျွန်တော်၏ဖခင်သည် တစ်ချိန်က တစ်လ ၈၂(ရှစ်ဆယ့်နှစ်ကျပ်)ရသည့် သာမန်စစ်မှုထမ်းတစ်ဦး ဖြစ်ပါသည်။ မည်သည့်ခုနှစ်က ဝင်ရောက်စစ်မှုထမ်းခဲ့တယ်ဆိုတာ မသိခဲ့ရသလို အဖေဆိုတာလည်း ကောင်းကောင်းမမှတ်မိပါဘူး။ ကျွန်တော် မှတ်မိနေတာတစ်ခုကတော့ ရွာဦးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆွမ်းတစ်အုပ်ဖြင့် အဘိုးလိုက်အပ်ပေး၍ ကျောင်းကြီးရဲ့အောက်ထပ်မှာ ကျောင်းတိုင်ကိုမှီထောင်ထားသော လူကြီးတစ်ရပ်ခန့်ရှိသည့် မဲမဲဘောချပ်သင်ပုန်းကြီးပေါ်မှာ စာမပျက်အောင် သင်္ဘောဆေးအဖြူဖြင့် ပုံသေရေးထားသည့် ကကြီး၊ ခခွေး အစ အဆုံးကို ကိုယ့်အရင်ဦးစွာရောက်တဲ့ကျောင်းသားက တုတ်တစ်ချောင်းဖြင့်ထောက်ပြီး အသံထွက်ဆိုပြ၍ နောက်ကလိုက်ဆိုရတာ မှတ်မိနေပါသည်။

မှတ်မှတ်ရရပြောရရင် စာအနည်းငယ်ဖတ်နိုင်သည့်အချိန်တွင် အဖေသည် အမေ့ကိုခေါ်ဖို့ ရွာပြန်လာခဲ့ပါသည်။ အကြီးဆုံးအစ်မကို အဘိုး၊ အဘွား ဆွေမျိုးများထံအပ်၍ ကျွန်တော်နှင့်ညီလေးသည် အမေနှင့်အတူ လိုက်ပါခွင့်ရသဖြင့် မန္တလေးမြို့သို့ ရောက်ခဲ့ရသည်။ ရောက်စက နန်းမြို့အတွင်းမှာနေရသည်။ ဘာကြောင့်ဆိုတာ အဖြေမှန်မသိခဲ့ရပေမယ့် လပေါင်းများစွာကြာသည့်တိုင်အောင် ကျောင်းတက်ခွင့်မရခဲ့ပါဘူး။ နောက်တွင် မန္တလေးတောင်၏အရှေ့ဘက် ယခု ခ.လ.ရ-၉၅ ခြေလျင်တပ်၏ မြောက်ပိုင်းအိမ်ထောင်သည်လိုင်းခန်းသို့ ပြောင်းရွှေ့နေထိုင်ရသည်။ တစ်ချိန်က ယခုလို အကာအရံတံတိုင်း မရှိခဲ့ပါဘူး။ ဟိုရှေးယခင် ဘုန်းတော်တိုး ရွာငယ်လေးမြောက်ဘက် ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဖွင့်ထားသောအခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ကြားခွင့်ရခဲ့ပါသည်။ ဘယ်လောက်ကြာကြာကျောင်းတက်ခွင့်ရတယ်ဆိုတာ ကောင်းကောင်းမမှတ်မိတော့ပါဘူး။ တာဝန်အရ အဖေတို့ တပ်ပြောင်းရွှေ့မိန့်ကျလာပြီဟု အမေပြောပြသဖြင့် ကျောင်းထွက်၍ တပ်ပြောင်းရာ အထက်အရပ် ကသာမြို့သို့ လိုက်ပါခဲ့ရပါသည်။

နေရာသစ်ရောက်စမို့ တပ်အတွင်းစာသင်ကျောင်း အလျင်အမြန် မဖွင့်နိုင်ခဲ့ပါဘူး။ အချိန်ပေးစောင့်ဆိုင်းခဲ့ရပေမယ့် ရက်၊ လတွေ ကြာရှည်ခဲ့ရသည်။ ထို့ကြောင့် ဖခင်၏စီမံဆောင်ရွက်မှုဖြင့် တပ်ကုန်း၏ တောင်ဘက် လေယာဉ်ကွင်းနှင့် အလွန်မဝေးသော မြိုင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ ပညာသင်ကြားခွင့်ရခဲ့ပါသည်။ ကျောင်းသား၊ ကိုရင်(ရှင်သာမဏေ)များနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးချိန်၌ တပ်တွင်းစာသင်ကျောင်းဖွင့်ပြီဖြစ်၍ ကျောင်းပြောင်းရပြန်သည်။ ကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ဆုံချိန်တွင် မြန်မာဖတ်စာတစ်အုပ် ပေးဖတ်ခိုင်းပြီး လက်ရေးနမူနာရေးပြရသည်။ အနည်းငယ်စဉ်းစားပြီးမှ တတိယတန်းပြ ဆရာထံအပ်ပေးပါသည်။

အတန်းတင်စာမေးပွဲဖြေဆိုခါနီး ရက်ပိုင်းအလိုမှာ အမေ့၏ဖခင် အဘိုးဖြစ်သူသည် တပ်ပြောင်းရာအရပ်ဒေသကို မေးမြန်းစုံစမ်း၍ ကျွန်တော်တို့နေထိုင်ရာလိုင်းခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ရွာမှာကျန်ခဲ့သည့် တစ်ဝမ်းကွဲညီအစ်ကိုများနှင့်အတူ စုပေါင်းရှင်ပြုအလှူမင်္ဂလာပြုလုပ်ပေးလို့၍ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ကို လာခေါ်တာဟု အဘိုးက ရှင်းပြသည်။ အမေသည် ညီမငယ်လေး မီးဖွားပြီးစ သွေးနုသားနု အချိန်မို့ မလိုက်နိုင်သလို၊ အဖေကလည်း အမေ့ကို အနီးကပ်ပြုစုစောင့်ရှောက်ရမည့်သူဖြစ်၍ လိုက်ပါခွင့်မရခဲ့ပါဘူး။ အဘိုး၏အပြန်ခရီးတွင် လိုက်ပါခဲ့ရသဖြင့် ရွာပြန်ရောက်ခဲ့ရသည်။

ရှင်ပြုအလှူမင်္ဂလာအပြီး ရှင်သာမဏေဘဝဖြင့် စားရေးသောက်ရေး၊ နေထိုင်ရေးမှအစ ဘုန်းတော်ကြီးကျောင်း အခြေခံပညာမူလတန်းကျောင်း ဖွင့်ထားပြီးဖြစ်၍ ပညာသင်ကြားခွင့်ရတာက အစိုးရမူလတန်းကျောင်းဆိုတော့ ဖားတစ်ပိုင်း ငါးတစ်ပိုင်းဘဝဖြင့် ကျင်လည်ခဲ့ရသည်။

ရှင်သာမဏေတစ်ဝါအရမှာ စတုတ္ထတန်းစာမေးပွဲဖြေဆိုဖို့ ကြုံလာသည်။ သင်္ကန်းဝတ်ဖြင့် မဖြေလိုသဖြင့် အဘိုးကိုပြောပြီး သာသနာ့ဘောင်မှ အပြီးထွက်ခဲ့သည်။ အစိုးရစစ်စာမေးပွဲမို့ အတန်းဖော်များနှင့်အတူ ရွာနှင့်တစ်မိုင်ကျော်ခန့်ဝေးသော ပုလဲမြို့သို့ သွားရောက်ဖြေဆိုကြရသည်။ အချိန်တန်၍ အောင်စာရင်းထုတ်ပြန်ချိန်တွင် ကျွန်တော်ပါဝင်ခဲ့ပြီဖြစ်၍ အဘိုးခင်ဗျာ ဝမ်းသာလိုက်ပုံများ မပြောပါနဲ့တော့။ နောက်ပြီး အဘိုးကပြောတယ် ငါ့မြေး သေစာနှင့်ရှင်စာ ဖတ်နိုင်ပြီ၊ ကျောင်းလည်းပြီးပြီ၊ နွားကျောင်းသားလုပ်တော့တဲ့။ကျွန်တော့်ရဲ့ပညာရေးပါရမီက ဆုံးခန်းတိုင်ခဲ့ပြီဖြစ်၍ စာကောင်းကောင်းမတတ်ခဲ့ရခြင်း ဖြစ်ပါသည်။

အဘိုး၏ဆန္ဒနှင့်အညီ နောက်ရက်မှအစပြု၍ အိမ်နားဝန်းကျင်မှ နွားကျောင်းဖော်များနှင့်အတူ လိုက်ပါလျက် အစ်မ၏တာဝန်ကို လွှဲပြောင်းရယူကာ နွားကျောင်းသားဖြစ်ခဲ့ရသည်။ အဖော်များ၏ ကြိုတင်အကြံပြုချက်အရ ဖျင်ကြမ်းလွယ်အိတ်တစ်လုံးကို ဘေးတိုက်စလွယ်သိုင်းကာအတွင်းမှာ လေးခွနှင့် လောက်စာလုံးများပါရသည်။ လေးခွမကိုင်တတ်၍ သူငယ်ချင်းတွေထံမှ သင်ယူရသည်။ ကောင်းသောအတတ်ကို အလွယ်တကူ သင်ယူမတတ်ပေမယ့်၊ မကောင်းတဲ့အတတ်မို့လား မပြောတတ်ပါဘူး။ အချိန်တိုအတွင်း ကျွမ်းကျင်တတ်မြောက်ခဲ့သည်။ အချိန်တန်အိမ်ပြန်ချိန်ရောက်တိုင်း ငှက်သေလေးတွေ အိတ်ကပ်ထဲပါစမြဲ။ နောက်ပိုင်း နွားကျောင်းချိန်မှ မဟုတ်တော့ပါဘူး။ အားလပ်ခွင့်ရတိုင်း လေးခွတစ်လက်နဲ့ ရွာပြင်ဘက် ပတ်လျှောက်ပြီး တွေ့ရာငှက်ကောင် ပစ်ယူတော့တာပါပဲ။ တစ်နေ့မှာ အဘိုးတွေ့မြင်သွား၍ ငါ့မြေး-မင်းဒီလိုပဲ မုဆိုးလုပ်တော့မှာလားတဲ့ မုဆိုးအတတ်မှာ ပြိုင်ဘက်ကင်းတဲ့ သောနုတ္တိုရ်ရဲ့မုဆိုးဟာ ဘယ်လိုပင်စွမ်းအားကြီးသူဖြစ်ပါစေ နောက်ဆုံးဘုရားလောင်းဆဒ္ဒန်ဆင်မင်းရဲ့ အသက်ကိုဖြို့ခွင်းတဲ့ လူဆိုးလူမိုက်အဖြစ်နဲ့ ရာဇဝင်တွင်ကျန်ခဲ့တာပဲ မဟုတ်လား။ ခုချိန်ကစပြီး လေးခွကို အဘိုးအပ်၊ အသိမိတ်ဆွေဆီက စာအုပ်ငှားပေးမယ်။ အားနေတဲ့အချိန်တွေမှာစာဖတ်။ 'ဟုတ် အဘိုး' အဘိုးကိုကြောက်၍သာ လေးခွအပ်လိုက်ရပေမယ့် စိတ်ထဲကမကြည်တာတော့အမှန်ပါ။ နောက်ရက်မှစ၍ အပြင်ထွက်ခွင့် မရတော့ပါဘူး။ အဘိုးငှားပေးသော စာအုပ်များနှင့်သာ အချိန်ကုန်ရသည်။ ဇာတကဇာတ်ဝတ္ထု ပုံပြင်စာအုပ်လေးတွေဟု အဘိုးက ရှင်းပြသည်။

ဖတ်ရတာ အနှစ်သာရရှိသလို အတုယူစံထားစရာဖြစ်၍ စိတ်ဝင်စားစရာကောင်းပါသည်။ 'မြင်းမိုရ်တောင်ဦး မကကျူးသည့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်ကြသော မျက်မမြင်မိဘနှစ်ပါးကို ရိုသေကျိုးနွံစွာ လုပ်ကျွေးခဲ့သည့် သုဝဏ္ဏသာမဇာတ်တော်'၊ 'ကုန်စည်ကူးသန်းရောင်းဝယ်သွားလာရင်း မဟာသမုဒ္ဒရာမှာ မုန်တိုင်းမိ၍ သင်္ဘောနစ်မြုပ်သဖြင့် အပေါင်းပါတွေအားလုံး သေကျေပျက်စီးကြသော်လည်း မိမိရှိသမျှခွန်အား အရင်းထားလျက် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားကြိုးမာန်တက် ရေပြင်၌ ကူးခတ်နေသော မဟာဇနကကုန်သည်ဇာတ်'၊ အလှူဒါနပြုရာတွင် အများနှင့်မတူထူးကဲသောသဒ္ဓါတရားဖြင့် ပစ္စည်းဥစ္စာ ရတနာရွှေငွေမက ဇနီးမယား၊ သမီးသားပါမကျန် စွန့်လွှတ်လှူဒါန်းခဲ့သည့် ဝေဿန္တရာမင်းဇာတ်၊ လူသူမနီးတောမြိုင်ခရီးအလယ် ချောက်ကမ်းပါးတစ်ခုအတွင်း၌ ကျရောက်နေသော ကဿိန္တိယပုဏ္ဏားအား ကရုဏာတရားလက်ကိုင်ထားလျက် ချောက်ကမ်းပါးအတွင်းမှ ကယ်တင်၍ လမ်းပြအဖြစ် လိုက်ပါပို့ဆောင်ခဲ့ရာ အပန်းပြေအလို့ငှာ စိတ်ချယုံကြည်စွာ အနားယူမှေးစက်ခိုက်တွင် သားမယားအတွက် ဟင်းစားရစေဖို့ ယုတ်မာသောအကြံဖြင့် ဦးခေါင်းကိုရိုက်ခွဲသောကြောင့် သွေးဖြိုင်ဖြိုင် ယိုစီးကျသော်လည်း ခန္တီတရား လက်ကိုင်ထားကာ သွေးစက်ကျရာ ခြေရာခံလိုက်ပါစေပြီး ဝေးရာမှခွာ၍ လိုရာခရီးရောက်အောင် ပို့ဆောင်ပေးသည့် ဘုရားအလောင်းတော်မျောက်မင်းဇာတ် အစရှိသည့် ဇာတ်ဝတ္ထုပုံပြင်များကို မပြတ်တမ်းဖတ်ခဲ့ရသဖြင့် ကျွန်တော့်စိတ်တွေ နူးညံ့ပျော့ပျောင်းခဲ့ရသည်။ အမြင်တွေကြည်လင်၍ အသိဉာဏ်တွေ ဖွံ့ဖြိုးလာသည်။ မည်သည့်အကြောင်းအရာမျိုးမဆို ကိုယ်ချင်းစာတရား လက်ကိုင်ထားလျက် မေတ္တာပွားနိုင်ခဲ့သည်။ ကိုယ်ဖတ်ခဲ့သမျှ ဇာတ်ကြောင်းတွေကို နွားကျောင်းဖော်သူငယ်ချင်းတစ်စုအား နားခိုနေကျ ညောင်ညိုပင်ရိပ်တွင် ဝိုင်းဖွဲ့၍ပြောလေ့ရှိတာကြောင့် စိတ်ဝင်တစား နားထောင်ကြသည်။ ရလဒ်ကောင်းတစ်ခု ထွက်ခဲ့သည်။ သူတို့အချင်းချင်း တိုင်ပင်၍ လေးခွ စွန့်လွှတ်ခဲ့ကြသည်။ ဝမ်းမြောက်စရာအကြောင်းမို့ အဘိုးကိုပြောပြသဖြင့် သာဓုအကြိမ်ကြိမ်ခေါ်လို့ စိတ်ကြည်နူးခဲ့ရသည်။ နွားကျောင်းအဖွဲ့တွင် နောက်မှရောက်ပေမယ့် နောင်တွင် ကိုယ့်ရဲ့ဦးဆောင်မှုကို ယုံကြည်အားကိုးစွာ လိုက်နာကြသဖြင့် အလိုလိုခေါင်းဆောင် ဖြစ်ခဲ့ရသည်။ စာဖတ်သူသည် စာမဖတ်သူထက် အမြဲဦးခေါင်းတစ်လုံးသာတယ်ဆိုတာ ဒါမျိုးပင် ဖြစ်ပေလိမ့်မည်။

နွားကျောင်းသက် နှစ်ထမ်းရလာချိန်တွင် အမေရွာပြန်ရောက်လာသည်။ အဖေသည် တာဝန်မှအနားယူကာ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၌ အိမ်ခြံမြေဝယ်ယူပြီးသောကြောင့် မိသားစုဥမကွဲသိုက်မပျက်နေထိုင်ရန် ကျွန်တော်တို့မောင်နှမတစ်စုအား ခေါ်ယူရန်လာရောက်ကြောင်း အေးဆေးတည်ငြိမ်စွာ အမေရှင်းပြသည်။ အမေ့အပြန်ခရီးတွင် လိုက်ပါခဲ့ရသဖြင့် မန္တလေးမြို့သို့ ရောက်ခဲ့ရပြန်သည်။ လအနည်းငယ်အကြာတွင် ၁၉(ဒီ)လမ်း၊ အောင်မြေသာစံရပ်ကွက်တွင်း၌ရှိသော ရွှေနန်းတော်ယက္ကန်းစက်ရုံတွင် အလုပ်ရခဲ့သည်။ ကျွန်တော်အလွန်ကံကောင်းသည်ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုစက်ရုံတွင် စာကြည့်တိုက်ရှိ၍ ဖြစ်သည်။ ရတနာသိုက်တွေ့ရသည့်အလား ဝမ်းမြောက်မိသည်။ စာအုပ်အမျိုးအစား အစုံရှိသည်။ နေ့စဉ်သတင်းစာနှစ်စောင် ဖတ်ရသည်။ လူထုသတင်းစာနှင့် ဗဟိုရ်စည်သတင်းစာတို့ ဖြစ်သည်။ လူထုသတင်းစာကို ပို၍နှစ်သက်မိသည်။ ဆရာကြီးလူထုဦးလှ၏ ပုံပြင်ကဏ္ဍက အထွေထွေဗဟုသုတတိုးပွားခဲ့ရသလို လူထုဒေါ်အမာ(အမေမာ)၏ နိုင်ငံတကာနှင့်သက်ဆိုင်သည့် ဆောင်းပါးတွေကလည်း မြန်မာ့အရေးသာမက ကမ္ဘာ့အရေးတွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် သိခွင့်ရလာသည်။ ကမ္ဘာကြီးကျယ်တယ်ဟု အထင်ရှိခဲ့ရာမှ ကမ္ဘာကြီးကျဉ်းမြောင်းမှန်းသိရပြန်သည်။ ဗီယက်နမ်တောင်မြောက် စစ်မီးပွားချိန်ဖြစ်၍ အရင်းရှင်အုပ်စုနှင့် ကွန်မြူနစ်အုပ်စုတို့၏အားပြိုင်မှုက အမြင့်မားဆုံးအချိန်ဖြစ်သည်။ 'အရာရာတိုင်းတွင် အင်အားကြီးတိုင်း အနိုင်မရနိုင်'ဟူသော သဘောတရားကိုလည်း ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိခဲ့သည်။ အင်အားကြီးနိုင်ငံအချို့က အားနည်းသည့်နိုင်ငံများအပေါ် မလိုတမာ လိုသကာ သဘောထားလျက် ဖိအားပေးခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

သတင်းစာနှင့် သုတရသစာပေမျိုးစုံတို့ကို နှစ်ရှည်လများ ဖတ်ခဲ့ရသဖြင့် အသိဉာဏ်ပညာ ကြွယ်ဝခဲ့ရသည်။ အတွေးအခေါ် အယူအဆတွေ မြင့်မားလာသည်။ သုံးသပ်ချက်မှန်၍ ဆုံးဖြတ်ချက်တွေ အမှန်ဖြစ်ခဲ့ရသည်။ စက်ရုံအတွင်း၌ဖြစ်ပွားသော အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို 'ရှဥ့်လည်းလျှောက်သာ ပျားလည်းစွဲသာ'ဆိုသလို ကူညီဖြေရှင်းပေးနိုင်ခဲ့သဖြင့် အလုပ်သမားထုတစ်ရပ်လုံး၏ အားကိုးအားထားရာ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားကောင်စီ(အခြေခံ)၌ လစ်လပ်နေသော အတွင်းရေးမှူးတာဝန်ကို အစားထိုးရွေးချယ်ခဲ့ကြသည်။

၄င်းနောက် အလုပ်သမားဝန်ကြီးဌာန(ဗဟို)မှ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော အလုပ်သမားအစည်းအရုံး (အခြေခံ)တွင် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရပြန်သည်။ ထိုမှတစ်ဆင့် အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုဖြေရှင်းနိုင်ရန်အတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော အလုပ်သမားရေးရာပဏာမ လုပ်ငန်းညှိနှိုင်းဖြန်ဖြေရေးကော်မတီအဖွဲ့၌ဦးဆောင်၍ အလုပ်သမားအစည်းအရုံး မြို့နယ်အဆင့်(ယခင် အနောက်မြောက်မြို့နယ်)တွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ခဲ့ရသည်။

တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် မပြေလည်၍ အထက်အဖွဲ့အစည်းသို့ ပေးပို့ရသည့်အမှုတွဲရှိတော့ရှိတယ် ရှားတယ်ဟု ပြောရလောက်အောင် နည်းပါးခဲ့ပါသည်။ ဤသည်တို့ကား 'စာဖတ်ခြင်း၏အကျိုး'ဟု ဆိုလျှင် မလွဲဧကန် မှန်သောစကားပင် ဖြစ်ပေလိမ့်မည်သာတည်း။

မင်းသူလှိုင်(ပုလဲ)

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၃)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်မှာ ဦးစိန်အောင် အမည်ဖြင့်ရရှိထားသော(စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ မြောက်ဘက်ခြမ်း(ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်ကို ဦးစိုးဝင်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ ဦးစိုးဝင်းနှင့် ဇနီးကွယ်လွန်၍ ၎င်း၏သားသမီးများဖြစ်ကြသော ၁။ဒေါ်ငွေးရီ(၉/ပကခ(နိုင်)၀၄၆၇၉၁)၊ ၂။ဦးထွန်းလင်းအောင်(၉/ညဥန(နိုင်)၁၅၁၀၉၀)၊ ၃။ဒေါ်မိဆွေ(၉/ပကခ(နိုင်)၀၁၁၇၂၂)၊ ၄။ဦးစောထွန်း(၉/ပကခ(နိုင်)၀၁၁၇၄၀)ကိုင်ဆောင်သူများမှ မြန်မာ့စလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ကြပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

